# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကြောင်းဖြစ်**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့အပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့အပြင် မကောင်းမှုမှအပ ပြုပြီးသူ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၂)**


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၈ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၇)


# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဂျာမနီနှင့် အီးယူအနေဖြင့် ဆက်လက်ပံ့ပိုးပေးနိုင်ရေးဆွေးနွေး



## နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့အား ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာသည် ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ထံ သီးခြားစီ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဧည့်သည်တော်ဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားရေးစင်တာများ ဖွင့်လှစ်တည်ထောင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဂျာမနီနိုင်ငံနှင့် အီးယူတို့အနေဖြင့် ဆက်လက် ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးသည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား မွန်းလွဲ ၂ နာရီတွင် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့် ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးတို့သည် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့်

*စာမျက်နှာ ၄ ကော်လံ ၅* ❋

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

# မြန်မာနိုင်ငံရှိ မြို့တော်များအတွက် မြို့ပြစီမံကိန်းဆိုင်ရာများ ဆွေးနွေး

## နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများအားပြင်သစ်နိုင်ငံခြားရေးဝန်ကြီး သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းတို့ထံ သီးခြားစီ တွေ့ဆုံခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ ပြင်သစ်နိုင်ငံမှ ထောက်ပံ့ပေးနေသည့် လူသားအရင်းအမြစ်နှင့် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းဆိုင်ရာများ၊ မြန်မာနိုင်ငံရှိ မြို့တော်များအတွက် မြို့ပြစီမံကိန်းဆိုင်ရာများ၊ ဖွံ့ဖြိုးရေးပူးပေါင်း

*စာမျက်နှာ ၄ ကော်လံ ၁* ✱



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**




မြန်မာ့အလင်း

# လက်ဆင့်ကမ်းသယ်ဆောင်ရမည့် ပင်လုံစိတ်ဓာတ်

ရှမ်းနှင့်ကချင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ချင်းမိုင်၌ ဇွန် ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် အစည်းအဝေး၌ ပင်လုံစာချုပ်၏ အခြေခံမူများကို လိုက်နာရန် သဘောတူညီခဲ့ကြောင်း ကြားသိရပါသည်။

အဆိုပါအစည်းအဝေး၌ ပင်လုံစိတ်ဓာတ်ကို ထည့်သွင်းဆွေးနွေးခဲ့ခြင်းသည် အပြုသဘောဆောင်သောခြေလှမ်းဟု ရှုမြင်ပါသည်။ ပင်လုံစိတ်ဓာတ်ဟူသည် ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး တစ်ညီတစ်ညွတ်တည်း စုစည်းလက်တွဲ၍ လွတ်လပ်ရေးကို အရယူခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပစ္စုပ္ပန်ကာလ၌ လက်ဆင့်ကမ်းသယ်ဆောင်ရမည့် ပင်လုံစိတ်ဓာတ်ဟူသည် ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး တစ်ညီတစ်ညွတ်တည်း စုစည်းလက်တွဲ၍ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။ ဤကဲ့သို့သော ဖွင့်ဆိုသင့် ဖွင့်ဆိုထိုက်သော အဓိပ္ပာယ်နှင့်လျော်ညီစွာ ရှမ်းနှင့်ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ၂၁ ရာစုပင်လုံညီလာခံကို ကြိုဆိုခဲ့ခြင်းသည် မင်္ဂလာရှိသော သတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။

စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရာ၌ အခြေခံအတွေးနှစ်ရပ်ရှိပါသည်။ ပထမအတွေးသည် တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခုအပေါ် အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန် ဖြစ်ပါသည်။ ပထဝီဝင်အနေအထားအပေါ် အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပုံစံဟုပြောရမည်ဖြစ်ပါသည်။ ဤပြည်ထောင်စုပုံစံ၏ အဓိကရည်ရွယ်ချက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်လျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် ဖြစ်ပါသည်။

ဒုတိယအတွေးသည် မြန်မာလူမျိုးများအတွက် သီးခြားပြည်နယ်တစ်ခုသတ်မှတ်၍ ပြည်နယ်ရှစ် ပြည်နယ်ပါဝင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုအပေါ် အခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပုံစံဟု ပြောရမည်ဖြစ်ပါသည်။ ဤပြည်ထောင်စုပုံစံ၏ အဓိကရည်ရွယ်ချက်သည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို ဦးတည်လျက် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန်ဖြစ်ပါသည်။

ထူထောင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် မဖြစ်မနေ ပါဝင်ရမည့် အခြေခံမူများဖြစ်သကဲ့သို့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့သည်လည်း မရှိမဖြစ် ပါဝင်ရမည့် အခြေခံမူများဖြစ်ပါသည်။ ဖွဲ့စည်းထူထောင်မည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၌ မလွဲမသွေ ပါဝင်ရမည့် ဤအခြေခံမူများအား ပေါင်းစပ်ရာတွင် အဟန့်အတားဖြစ်နေသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပုံသဏ္ဌာန်နှစ်ရပ်ကို အသေဆုပ်ကိုင်ရှုမြင်သုံးသပ်နေကြခြင်းကြောင့် ဖြစ်ပါသည်။

ဖြစ်သင့်ဖြစ်ထိုက်သည်မှာ မိမိတို့၏ အဓိကရည်မှန်းချက်များကို ဖော်ဆောင်မည့် မတူကွဲပြားသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပုံသဏ္ဌာန်များ မည်ကဲ့သို့ရှိနိုင်သည်ကို ကြံဆပုံဖော်ယူရန် ဖြစ်ပါသည်။ ဤကဲ့သို့ ကြံဆပုံဖော်ရာ၌ လက်ရှိရှိနေသည့် အခြေခံအတွေးနှစ်ရပ်စလုံး ပေါင်းစပ်နိုင်ရေးအပေါ် အခြေခံ၍ ကြံဆဖော်ဆောင်ရန်ဖြစ်ပါသည်။ ရုတ်တရက်ကြည့်ပါက မဖြစ်နိုင်ဟု ယူဆစရာဖြစ်နေပါသည်။ သို့သော် ပြည်ထောင်စုသားတိုင်းရင်းသားအချင်းချင်း လေးလေးနက်နက် အပြန်အလှန်ညှိနှိုင်းပါက မဖြစ်နိုင်စရာအကြောင်းမရှိဟု ယုံကြည်ပါသည်။

အဓိကအရေးကြီးသည်မှာ မိမိတို့၏ ပင်မရည်မှန်းချက်များ ဖော်ဆောင်နိုင်ရေးအတွက် ဤကဲ့သို့သော ပုံသဏ္ဌာန်မျိုးရမှ ဖြစ်မည်ဟု ပုံသဏ္ဌာန်အပေါ် အသေဆုပ်ကိုင်မထားရန်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသည် ဤနိုင်ငံဖြတ်သန်းခဲ့သော သမိုင်းကြောင်း၊ နိုင်ငံသူနိုင်ငံသားတို့၏ မျှော်မှန်းချက်များနှင့် ဤနိုင်ငံ၏ သမိုင်းရေးဦးတည်ချက်တို့အပေါ်မူတည်ပါသည်။ သို့ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တခြားတစ်နိုင်ငံက အပြည့်အဝ ပုံတူကူးယူရန်မဖြစ်နိုင်ဟု ယုံကြည်ပါသည်။ အရေးကြီးသည်မှာ ပင်လုံစိတ်ဓာတ်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တညီတညွတ်တည်း စုစည်းလက်တွဲ၍ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်မည်ဟူသော သန္နိဋ္ဌာန်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားရန်သာ ဖြစ်ပါသည်။ ။




## တရားရုံးဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် တရားလွှတ်တော် တရားရုံးဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်း (၁/ ၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဦးအုန်းသောင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ ဘားအံခရိုင်/မြို့နယ်တရားရုံးတို့မှ တရားသူကြီးများ၊ သင်တန်းသား သင်တန်းသူ ၂၆ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

## အသက်မွေးပညာ သင်တန်းကျောင်းများတွင် ရက်ကန်းပုံမှန်သင်တန်းများ ဖွင့်

**နေပြည်တော် ဇွန် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနအောက်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ)၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုံရွာ၊ ဖလမ်း၊ တောင်ကြီး၊ ပခုက္ကူ၊ မိတ္ထီလာ၊ စစ်တွေ၊ မုဒုံ၊ ရွှေတောင်၊ မြစ်ကြီးနား၊ ကျောက်မဲ၊ လွိုင်ကော်၊ မင်းတပ်၊ ဘားအံ)တို့တွင် ရက်ကန်းလုပ်ငန်း ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်းနှင့် ရိုးရာလွန်းရာကျ အချိတ် ခြောက်လသင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများသို့တက်ရောက်သည့် သင်တန်းသားများအား ပညာသင်ထောက်ပံ့ တစ်လငွေကျပ် ၃၀၀၀၀ ချီးမြှင့်၍ အဆောင်အခမဲ့ နေထိုင်ခွင့်ပြုပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရက်ကန်းပုံမှန်သင်တန်းများကို ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် တက်ရောက်လိုပါက အထက်ပါ သင်တန်းကျောင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၁၀၂၄၀၊ ၀၆၇-၄၁၀၂၇၃ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဖျာပုံ-ကျုံကဒွန်း ကားလမ်းမပေါ်ရှိ ကမာပိုတံတားပျက်စီးနေခြင်းအား ပြင်ဆင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံ မြို့နယ် ဖျာပုံ-ကျုံကဒွန်း ကားလမ်းမပေါ် ကျုံကဒွန်းကျေးရွာရှိ ကမာပိုချောင်းကူးတံတားမှာ ယခုအခါ ပျက်စီးနေ၍ ဒေသခံများ၊ ခရီးသွားများအခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

"ဖျာပုံ-ကျုံကဒွန်းကားလမ်းက တောက်လျှောက်ကောင်းနေပါပြီ။ ဒီတံတားတစ်ခုပဲပျက်နေတာ၊ ဒီတံတားရောက်ရင် ကျွန်တော်က ခရီးသည်တွေကို ဆင်းခိုင်းပါတယ်။ ကားချည်းကူးတာတောင် စိတ်မချရတဲ့ အခြေအနေပါ။ တံတားကလည်း သိပ်မရှည်ပါဘူး။ လမ်းသွားလမ်းလာခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တွေကင်းကင်းရှင်းရှင်း သွားလာနိုင်ဖို့ သက်ဆိုင်ရာက အမြန်ဆုံးပြင်ဆင်ပေးစေချင်ပါတယ်" ဟု နေ့စဉ် အဆိုပါလမ်းပေါ်၌ ခရီးသည်ယာဉ်ပြေးဆွဲနေသည့် ယာဉ်မောင်း ကိုသိန်းသန်းထွန်းက ပြောသည်။

အဆိုပါတံတားသည် ဖျာပုံမြို့နယ် တောင်ပိုင်းရှိ ကျုံကဒွန်း၊ မြို့ကုန်း၊ ဆိပ်မ၊ ဒေါ်ညိမ်း၊ အမာစသည့် ပင်လယ်ဒေသများသို့ သွားလာရာတွင် ခရီးသွားပြည်သူများမဖြစ်မနေ ဖြတ်သန်းသွားနေရသည့် တံတားတစ်ခုဖြစ်ပြီး ဒေသခံများက အဆိုပါတံတားကို သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၇-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၄ |

မြန်မာ့အလင်း
၁၂၇၇ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဂျာမနီနိုင်ငံ စိုက်ပျိုးရေးနှင့်လယ်ယာပို့ကုန်မြှင့်တင်ရေးစွမ်းဆောင်ခဲ့သူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာ



ဒေါက်တာဂဲလ်မြူးလာ(Dr.Gerd Muller)

ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာကို ၁၉၅၅ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဂျာမနီနိုင်ငံ Krumbach မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ဇနီး၊ ကလေးနှစ်ယောက်တို့နှင့် အတူ ဘာဗေးရီးယားပြည်နယ် ဒူရက်ချ်ဒေသ ကမ်ပတန်မြို့၌ နေထိုင်လျက်ရှိသည်။ ဒေါက်တာဂဲလ်မြူးလာသည် Business Education ဖြင့် မဟာဘွဲ့ရရှိထားပြီး ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်သည်။

သူသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဥရောပပါလီမန်အမတ်အဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် German Bundestag ၌ အဖွဲ့ဝင်တစ်ဦးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ Federal Ministry of Food, Agriculture and Consumer Protection ၌ Parliamentary State Secretary အဖြစ် ထမ်းဆောင်ခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာခဲ့သည်။

အာဖရိကတိုက်ဆိုင်ရာ Military Engagement အဖြစ် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေး အထူးတာဝန်များကို ဆိုမာလီယာနိုင်ငံ၌ ၂၀၀၉ မှ ၂၀၁၅ ခုနှစ်အထိ လည်းကောင်း၊ ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ လည်းကောင်း၊ တောင်ဆူဒန်၌ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိ လည်းကောင်း၊ မာလီ၌ ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အထိ လည်းကောင်း၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် လည်းကောင်း၊ လိုက်ဘေးရီးယား၌ ၂၀၁၅ ခုနှစ်တွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ အခြားလှုပ်ရှားမှုများအနေဖြင့် KFW အဖွဲ့၏ ကြီးကြပ်ဒါရိုက်တာဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ကမ်ပတန် အသုံးချသိပ္ပံတက္ကသိုလ်၏ ဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ Hanns Seidel ဖောင်ဒေးရှင်းအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ German Spa အသင်း (DHV) ၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၎င်းသည် ဂျာမန်စိုက်ပျိုးရေးလုပ်ငန်းများအတွက် အမတော်ကြေး ပိုမိုထုတ်ပေးနိုင်ရေးနှင့် လယ်ယာပို့ကုန်မြှင့်တင်ရေးကို တွန်းအားပေးဆောင်ရွက်ခဲ့ပြီး ဥရောပမှဝင်ရောက်လာသည့် ဒုက္ခသည်အရေးအတွက် လျော့နည်းသွားရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ■

# ပြင်သစ်နိုင်ငံဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲမှုများစွာစွမ်းဆောင်ခဲ့သည့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်

ပြင်သစ်နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်သည် မြန်မာနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာခဲ့သည်။ မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ၂၀၁၂ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် မတ်လအထိ ပြင်သစ်နိုင်ငံ၏ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ထိုသို့ တာဝန်ထမ်းဆောင်ခဲ့ရာတွင် ၁၉၈၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ Nantes မြို့တော်ဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ Nantes Metropole ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ Agglomeration Nantaise ပြည်နယ်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ Loire-Atlantique Department အထွေထွေကောင်စီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ Saint-Herblain မြို့တော်ဝန်အဖြစ်လည်းကောင်း ရွေးချယ်ခန့်အပ်ခြင်း ခံခဲ့ရသည်။

မစ္စတာ ဂျီးမာ့ခ်အီရောင်သည် Nantes တက္ကသိုလ်တွင် ဂျာမန်ဘာသာကိုသင်ယူခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် သင်ကြားရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ဂျာမန်ဘာသာစကားသင်ကြားသည့်ဆရာအဖြစ်လည်း လုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားလွှတ်တော်ရှိ ဆိုရှယ်လစ်ပါတီကို ဦးဆောင်ခဲ့သူ ဖြစ်သည်။ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် Francois Hollande ရွေးချယ်ခံရပြီး သမ္မတအဖြစ် တာဝန်ယူသည့် ၂၀၁၂ ခုနှစ် မေလ ၁၅ ရက်နေ့တွင် မစ္စတာ ဂျီးမာ့ခ်အီရောင်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ၁၉၇၁ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် Nantes အနောက်ပိုင်းဒေသရှိ Saint-Herblain ၏ မြို့တော်ဝန်ဖြစ်လာခဲ့သည်။ ထိုအချိန်က အသက် ၂၇ နှစ်အရွယ်ရှိ မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ပြင်သစ်နိုင်ငံအတွင်းရှိ လူဦးရေ သုံးသောင်းကျော်နေထိုင်ရာ Saint-Herblain မြို့၌ ပထမဆုံးသော အသက်အငယ်ဆုံး မြို့တော်ဝန်အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ (PS) အမှုဆောင်တစ်ဦးဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၈၆ အမျိုးသားလွှတ်တော်တွင် Loire-Atlantique ကိုယ်စားပြုအမတ်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ၁၉၈၉ ခုနှစ်တွင် Rally for the Republic(RPR) မှ ကျင်းပသည့် Nantes မြို့တော်ဝန်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် ပါတီကရွေးချယ်ခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ အနိုင်ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ကျင်းပသည့်ရွေးကောက်ပွဲများတွင်လည်း ထပ်မံရွေးချယ်ခြင်းခံခဲ့ရပြန်သည်။ ထို့နောက် Nantes Metropole Urban Community ၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် Plural Left မဟာမိတ်အဖွဲ့အနိုင်ရရှိပြီး အမျိုးသားလွှတ်တော်ဆိုရှယ်လစ်ပါလီမန်အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ၁၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဆိုရှယ်လစ်ပါတီ (PS) ၏ ၂၀၁၁ ခုနှစ် အခြေခံရွေးကောက်ပွဲတွင် Francois Hollande အား သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေးအတွက် ပံ့ပိုးခဲ့သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် Hollande သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့်နောက်ပိုင်းတွင် ၎င်း၏အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်ခဲ့သည်။ Francois Hollande သည် ဂရိအစိုးရ၏ ကြွေးမြီပြဿနာနှင့် ရင်ဆိုင်နေရချိန်တွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အသုံးမပြုသည့်ရန်ပုံငွေများကို ချထားပေးရန် ဥရောပကော်မရှင်ကို တောင်းဆိုခဲ့သည်။



မစ္စတာ ဂျီးမာ့ခ်အီရောင်(Mr. Jean-Marc Ayrault)

မစ္စတာ ဂျီးမာ့ခ်အီရောင်နှင့် ၎င်း၏ဝန်ကြီးများအဖွဲ့သည် အစိုးရအဖွဲ့ တာဝန်ယူစဉ် ပင်စင်ယူသည့်အသက်ကို ၆၂ နှစ်မှ ၆၀ နှစ်သို့ လျှော့ချပေးသည့် ကိစ္စရပ်များအပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များနှင့် ဝန်ကြီးများ၏လစာကို ၃၀ ရာခိုင်နှုန်းဖြတ်တောက်ခြင်း၊ အနိမ့်ဆုံးလုပ်ခလစာအား မြှင့်တင်သတ်မှတ်ခြင်း၊ မြို့ကြီးအချို့ရှိ ကန်ထရိုက်သစ်များအပေါ် ၃၆ လ ငှားရမ်းမှုစနစ်ကိုထိန်းချုပ်ခြင်း၊ ဝင်ငွေနည်းမိသားစုများအတွက် ပညာရေးထောက်ပံ့ငွေတိုးမြှင့်ပေးခြင်း၊ အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း လူငယ်များအတွက် အလုပ်တိုးမြှင့်ခန့်ထားရေးစနစ်ကို မိတ်ဆက်ပေးခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အစီအစဉ်အား လူဦးရေငါးသိန်းအတွက် ထပ်မံတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သူ ဖြစ်သည်။



ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်

ဓာတ်ပုံ-ဇော်မင်းလတ်

# ပြည်သူပိုင်နေရာများကို အများပြည်သူ ပြန်လည်ပိုင်ဆိုင်ရေး တိုက်တွန်းကြောင်းအဆို ကန့်ကွက်သူမရှိ အတည်ပြု

**ရန်ကုန် ဇွန် ၁၇**

ယနေ့ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဋ္ဌမနေ့) တွင် အများပြည်သူပိုင်နေရာများကို အများပြည်သူများ ပြန်လည်ပိုင်ဆိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို ကို မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူမရှိသောကြောင့် ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

ယင်းအဆိုကို သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော် (ခ) ဦးနေဘုန်းလတ် တင်သွင်းခဲ့ပြီး အဆိုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မှတ်တမ်းတင်ရန် ပြောကြားခဲ့သော်လည်း အဆိုရှင်က လွှတ်တော်၏အဆုံးအဖြတ်ခံယူရန် တောင်းဆိုခဲ့သောကြောင့် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုအား မြို့တော်ဝန်ကထောက်ခံခဲ့သော်လည်း မှတ်တမ်းတင်ရန်ပြောကြားခဲ့သောကြောင့် အဆိုရှင် ဦးနေဘုန်းလတ်က "ကျွန်တော့်အဆိုထဲမှာ သဃ်န်းကျွန်းမြို့နယ်ကို ထည့်ပြောထားပေမယ့် ဒီတစ်မြို့နယ်တည်းကို ပြောတာမဟုတ်ပါဘူး။ အများပြည်သူပိုင်နေရာတွေကို အစိုးရက အကွက်ချရောင်းချခြင်းနဲ့ ငှားရမ်းခြင်းတွေ ထပ်မဖြစ်ဖို့ပါ။ အခုဆိုရင် တားလို့ရတာတွေ ရှိပါသေးတယ်။ အစိုးရရဲ့အခက်အခဲတွေကိုလည်း နားလည်သဘောပေါက်ပါတယ်။ ဖြစ်ပြီးသားကိစ္စတွေထဲက ပြန်ယူလို့ရတာတွေကို ပြန်ယူပေးဖို့ တင်သွင်းတာဖြစ်ပါတယ်။ ဒီအဆိုကို မှတ်တမ်းတင်ရုံမဟုတ်ဘဲ အတည်ပြုပေးနိုင်ဖို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူချင်ပါတယ်"ဟု ပြန်လည်တင်ပြခဲ့သဖြင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်သူမရှိသောကြောင့် အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး အများပြည်သူပိုင်နေရာများဖြစ်သည့် အားကစားကွင်း၊ စာကြည့်တိုက်၊ ရေကန်အစရှိသည့် နေရာတို့တွင် အစိုးရနှင့် သက်ဆိုင်သည့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဌာနဆိုင်ရာများမှ အငှားချထားခြင်းများအပြင် ဆေးခန်းများ၊ ကျူးကျော်တဲများ စသည်ဖြင့် တည်ဆောက်ထားရှိခြင်းတို့ကို ပြန်လည်စိစစ်သင့်ကြောင်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်းသိရသည်။


**ဇော်ကြီး(ပဏီတ)**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဇွန် ၁၇

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။**

(မြန်မာ့အလင်း)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့ တွေ့ဆုံဆွေးနွေးစဉ်

*** ရှေ့ဖုံးမှ**

ဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံအပေါ် ပြင်သစ်နိုင်ငံမှ ထောက်ပံ့ပေးလျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်သစ်နိုင်ငံကတိုးမြှင့်အကူအညီပေးရေး၊ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုမြှင့်တင်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးမြှင့်တင်နိုင်ရန်အတွက် ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအကြိုပြင်ဆင်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည့်အပြင် နိုင်ငံတော်သမ္မတအား ပြင်သစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်သို့ သွားရောက် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စုစုပေါင်း မဂ္ဂါဝပ် ၆၉၀ ခန့်ထုတ်လုပ်နိုင်မည့် ရခိုင်ပြည်နယ် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာရန် အမေရိကန်ဒေါ်လာ ၁ သန်း ကူညီပေးသွားရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရိုသန်း ၂၀၀ ကူညီထောက်ပံ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားပြီး ဆက်လက်ကူညီဆောင်ရွက်မည့်အခြေအနေများ၊ မြန်မာ့တပ်မတော်ဆိုင်ရာ ခရီးစဉ်ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်လုပ်ဆောင်မှုအခြေအနေများ၊ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ၊ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာများ၊ နည်းပညာဆိုင်ရာနှင့် လေ့ကျင့်ရေး

## မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးမြှင့်တင်နိုင်ရန်အတွက် ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအကြိုပြင်ဆင်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

သင်တန်းကိစ္စရပ်များ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ဆောင်နေမှုနှင့် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ရန်ကုန်မြို့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာလူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး ဦးသန့်၏နေအိမ်၊ အတွင်းဝန်များရုံးနှင့် ရွှေတိဂုံစေတီတော်သို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာတို့ တွေ့ဆုံဆွေးနွေးစဉ်

*** ရှေ့ဖုံးမှ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး၊ အသေးစားစက်မှုလုပ်ငန်းများအတွက် နည်းပညာနှင့်ဘဏ္ဍာရေးအကူအညီများ ပိုမိုပေးအပ်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်းစက်ရုံများ ထူထောင်နိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် (၂၁)ရာစု ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။

ထို့ပြင် ဧည့်သည်တော်ဝန်ကြီးက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

## "စိုက်ပျိုးရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး"

# ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ယဉ်ကျေးမှုတွင်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်

**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ပြင်သစ်နိုင်ငံက ကူညီထောက်ပံ့ရန် အဆင်သင့်ရှိ

**ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်**

**နေပြည်တော် ဇွန် ၁၇**

ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ကူညီပေးနေသည့် ဖွံ့ဖြိုးရေးငွေကြေး ပမာဏကို မြှင့်တင်ရန် အစီအစဉ်ရှိပြီး ယူရိုသန်း ၂၀၀ ကူညီရန်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်က ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှုများရှိနေပါကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူနေမှုဘဝများတိုးတက်ရန်အတွက် အကူအညီကို နှစ်ဆတိုးမြှင့်ခဲ့ပါကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အစိုးရမဟုတ်သည့် အဖွဲ့အစည်းများလည်း မြန်မာနိုင်ငံတွင် လုပ်ကိုင်လျက်ရှိပါကြောင်း၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်အခြားကဏ္ဍများစွာတွင် ဖွံ့ဖြိုးတိုးတက်ရန် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြင်သစ်ယဉ်ကျေးမှုဌာနတည်ထောင်ခဲ့သည့် ၅၅ နှစ်မြောက် ယဉ်ကျေးမှုပွဲတော်ကြီးကိုလည်း ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားပါကြောင်း၊ ရန်ကုန်မြို့၌ရှိသည့် ပြင်သစ်ကျောင်းကို ယခုထက် ပိုမိုကြီးမားသည့်ကျောင်းဖြစ်အောင် ဆောင်ရွက်လိုပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်သည့်ပြင်သစ်ကုမ္ပဏီများမှာ တဖြည်းဖြည်းနှင့် ပိုမိုများပြားလာလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုးတက်မှုအတွက် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေသည့်ကိစ္စရပ်များအပေါ် ပြင်သစ်နိုင်ငံအနေဖြင့် ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရန်များစွာမျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏အင်အားမှာ ပြည်သူလူထုဖြစ်ပြီး ပြည်သူလူထုအင်အားဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏အင်အားဖြစ်သည့် ပြည်သူလူထုကိုလည်း ပြင်သစ်နိုင်ငံက အမြဲတမ်းထောက်ပံ့အားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ကောင်းမွန်သော ဆက်ဆံရေးများရှိပါကြောင်း၊ မိမိတို့သည် ပြင်သစ်နိုင်ငံ၏ ယဉ်ကျေးမှုကို စိတ်ဝင်စားပါကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ယဉ်ကျေးမှုတွင်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သစ်နိုင်ငံက လေးစားပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့မှုကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြု ထောက်ခံပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းဆွေးနွေးခဲ့ပါကြောင်း၊ ပြင်သစ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ပြင်သစ်နိုင်ငံကို အကူအညီတောင်းခံပါက ကူညီထောက်ပံ့ရန် အဆင်သင့်ရှိနေပါကြောင်း။

မြန်မာနိုင်ငံနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အထူးသဖြင့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကူညီဆောင်ရွက်လိုပြီး ပြင်သစ်နိုင်ငံရှိ ပါရီမြို့တော်ဝန်ရုံးကလည်း ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စနစ်တကျဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက် ၁၁ နာရီခွဲက နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပမည့် (၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မဏိရတနာ ကျောက်စိမ်းခန်းမအပေါ်ထပ်၌ ခင်းကျင်းထားသည့် ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီး ကျောက်စိမ်းအချောထည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်နေရာ၊ ဈေးပြိုင်စနစ်ဖြင့်ရောင်းချရန် ခင်းကျင်းပြသထားသည့်နေရာများအား လှည့်လည်ကြည့်ရှုရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းက နိုင်ငံခြားငွေ ယူရိုဖြင့် ရောင်းချမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျောက် စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်များ၊ အလှဆင်အဖိုးတန်ကျောက်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများကို ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချမည့် အစီအစဉ်များအား အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံဈေးယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေးယူရိုငွေ ၅၀၀ မှ ၂၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်မျက်အတွဲများ၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၁ နှင့် အထက်ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်ကျောက်မျက်အတွဲများ၊ အခြေခံဈေးယူရိုငွေ ၁၀၀၀ မှ ၁၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ၊ အခြေခံဈေးယူရိုငွေ ၁၀၀၀၁ နှင့် အထက်ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများကို ကျောက်မျက်ရတနာပြပွဲများကျင်းပပြီး ရောင်းချခြင်းဖြင့် နိုင်ငံတော်က ဥပဒေဖြင့် သတ်မှတ်ထားသည့် အခွန်အခများရရှိကြောင်း၊ ယခု (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျ စေတနာထား လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# စစ်တွေမြို့၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများအား စတင်ထုတ်ပေး

**စစ်တွေ ဇွန် ၁၇**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သော ကျောင်းသား ကျောင်းသူများအတွက် အမှတ်စာရင်းများအား ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၇ ရက်မှစတင်ကာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ပြုလုပ်ရခြင်းမှာ ရခိုင်ပြည်နယ်အတွင်း ကျောင်းသားကျောင်းသူများ ကုန်ကျစရိတ်များသက်သာပြီး အမှတ်စာရင်းများ အမြန်ဆုံးသိရှိစေရန်နှင့် အမြန်ဆုံးရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရခိုင်တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ထုတ်ပေးနေခြင်းဖြစ်ပြီး ချင်းပြည်နယ်၊ ပလက်ဝမြို့အတွက်ပါ ထည့်သွင်းထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိန်၏ ပြောကြားချက်အရ သိရသည်။

ရခိုင်ပြည်နယ်အတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများအား ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး ကျောင်းသား၏ နာမည်၊ ခုံနံပါတ်၊ လျှောက်လွှာနှင့် တံဆိပ်ခေါင်းခ ငွေကျပ် ၄၀၀ သာ လိုအပ်ကြောင်း၊ ယင်းအပြင် မြန်မာနိုင်ငံအတွင်း အခြားဒေသမှဖြေဆိုပြီး ရခိုင်ပြည်နယ်တွင်နေထိုင်သော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လာရောက်ထုတ်ယူနိုင်ကာ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သော ကျောင်းသား ကျောင်းသူများလည်း အလွယ်တကူ လာရောက်ထုတ်ယူနိုင်ကြောင်း ဦးကြည်စိန်က ဆက်လက်ပြောကြားသည်။

အမှတ်စာရင်း လာရောက်ထုတ်ယူနေသော ကျောင်းသူတစ်ဦးက "အရင်ကဆိုရင် အမှတ်စာရင်းကို ရန်ကုန်မှာပဲ ထုတ်ရတယ်လို့ သိရပါတယ်။ အဲ့လိုထုတ်ရလို့ အချိန်လည်းကုန်၊ ငွေလည်းကုန်ပါတယ်။ အလုပ်လျှောက်ဖို့အတွက် စာမေးပွဲအမှတ်စာရင်းကို ချက်ချင်းမပေးနိုင်တာကြောင့် အလုပ်လျှောက်ခွင့်မရတဲ့ ကျောင်းသားတွေ အများကြီးရှိခဲ့ပါတယ်။ အခုလိုမျိုး လာရောက်ထုတ်ပေးတဲ့အတွက် အမှတ်စာရင်းတွေကို မြန်မြန်သိနိုင်ပြီး ငွေကုန်ကျစရိတ်ကလည်း အများကြီးသက်သာသွားပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Mobile Team များဖွဲ့ကာ အမှတ်စာရင်းများ ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ်မှစတင်ကာ ပထမဆုံးပြုလုပ်ပေးခြင်းဖြစ်ပြီး စာမေးပွဲဖြေဆိုသူများသော ဒေသ၊ ဝေးလံခေါင်ဖျားသော ဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ၃၄၈၂၂ ဦး ဖြေဆိုခဲ့ပြီး ၇၃၈၀ အောင်မြင်ခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်များကို ဇွန်လကုန်ပိုင်းမှစ၍ ထုတ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်ဝေ**

## နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

မြတ်စွာဘုရားရှင်သည် နယုန်လပြည့်နေ့တွင် ကပ္ပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း မဟာသမယသုတ်တော်အား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ကျင်းပသည့် နယုန်လပြည့် မဟာသမယအခါတော်နေ့မင်္ဂလာအခမ်းအနားကို ဇွန် ၂၀ ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နယုန်လပြည့် မဟာသမယအခါတော်နေ့ မင်္ဂလာအခမ်းအနားသို့ ဘုရားဖူးလာပြည်သူများ ကြွရောက်ကြည်ညို တရားတော်နာယူနိုင်ကြောင်း သိရသည်။

**ကိုချစ်**



ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများ ဆွေးနွေးစဉ်

သတင်း(စာ-၄)

(သတင်းစဉ်)

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံကျင်းပမည့် နေ့ရက်ပြောင်းလဲ

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံကို မူလက ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း နေရာအခက်အခဲကြောင့် အခြားသင့်လျော်မည့်နေရာသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်၍ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်စာရေးဆရာအသင်းများမှ တက်ရောက်မည့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေးသို့ (မပျက်မကွက်) တက်ရောက်ရန်နှင့် ကျင်းပမည့်နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့ ဧယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်

သတင်း(စာ-၄)

(သတင်းစဉ်)





လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့ တွေ့ဆုံဆွေးနွေးစဉ်

သတင်း(စာ-၄)

(သတင်းစဉ်)

## ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဝန်ကြီးဌာနနှင့်တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်သည့်မြေများကို ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က "ပြန်လည်စွန့်လွှတ်ပေးသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ရင်းတပ်ဖွဲ့များ၊ စက်မှုဝန်ကြီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ကျေးရွာသူ/သားများအနေဖြင့်လည်း ကိုယ့်မြေကိုယ်ပြန်ရသည့်အတွက် ကျေနပ်ကြပါ၊ ဖြစ်နိုင်ပါက လယ်ယာမြေကို လယ်ယာပြန်၍စိုက်စေချင်ကြောင်း၊ ယခု ယာယီလုပ်ကိုင်ခွင့်ပေးထားကြောင်း၊ တရားဝင် အမည်ပေါက်ရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ရရှိသည့် မြေများကို တန်ဖိုးရှိသည့်မြေများအဖြစ် စိုက်ပျိုးပြီး ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ကြပါ"ဟု တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် စွန့်လွှတ်မြေများကို ပြန်လည်အပ်နှံကြရာ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်တို့က လက်ခံယူကြသည်။ ဆက်လက်၍ ပြည်နယ်အကျဉ်းဦးစီးဌာန လွှဲပြောင်းပေးအပ်မြေဧက ၉၁ ဒသမ ၁၀၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ရင်း တပ်ဖွဲ့များက ၇၀ ဒသမ ၄၁ ဧက၊ သံတောင်ကြီးရော်ဘာခြံမှ ၆၂ ဒသမ ၅၂ ဧက၊ ကော့ကရိတ်ရော်ဘာခြံမှ ၈ ဒသမ ၃၅ ဧကတို့ကို ပြည်နယ်ဝန်ကြီးချုပ်က မူလပိုင်ရှင်နှင့်သက်ဆိုင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ရာ မူလတောင်သူများက လက်ခံယူကြပြီး တောင်သူများကိုယ်စား ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာမှ တောင်သူ ဦးစောအဒိက ကျေးဇူးတင်စကားပြောကြားသည်။ ပြန်လည်စွန့်လွှတ်မြေ ၂၃၅ ဒသမ ၃၆ ဧကဖြစ်ပြီး လယ်ယာစိုက်ပျိုးမြေ ၂၃၂ ဒသမ ၄၀ ဧကကို ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ဖြင့် တောင်သူ ၆၁ ဦးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကာ တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

လယ်ယာမြေပြန်လည်လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ကော့ကရိတ်မြို့နယ် လှိုင်ကွယ်ကျေးရွာမှ တောင်သူ ဒေါ်နန်းချိုက "လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကျွန်မတို့ ရှုံးနဲ့ အိမ်နဲ့သွားနေရတာ ပင်ပန်းလှပြီး လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ပစ္စည်းတစ်ခု အခုပြန်ရတော့ အလွန်ဝမ်းသာတယ်"ဟု ပြောကြားသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

## ကျိုင်းတောင်းမြို့၌ ရက် ၁၀၀ စီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူများ စာရင်းကောက်ယူ

**ကျိုင်းတောင်း ဇွန် ၁၇**

လင်းခေးခရိုင် ကျိုင်းတောင်းမြို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် ၁၀၀ စီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူများစာရင်းကောက်ယူလျက်ရှိရာ ဇွန် ၁၄ ရက်အထိ သာမန်ရွှေ့ပြောင်းနေထိုင်သူ အိမ်ထောင်စုပေါင်း ၈၀ နှင့် အမျိုးသား ၁၅၃ ဦး၊ အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၄၆ ဦး ကောက်ယူခဲ့ပြီး ညွှန်ကြားချက်နှင့်အညီ အိမ်ထောင်စုနှင့်ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက်အရကျေးရွာငါးရွာ၌ တူးဖော်လျက်ရှိသော မြေသားရေကန်များပြီးစီး

**ကန့်ဘလူ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးရွာငါးရွာ၌ ကျေးလက်ရေပေးဝေရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြေသားရေလှောင်ကန်များ တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပေါက်ဆိန်ကုန်းကျေးရွာ၊ ညောင်ကန်သာကျေးရွာ၊ အက်ငုတ္တိုကျေးရွာ၊ နဂါးပေါ်(မ)ကျေးရွာနှင့် လှည်းပွဲကျေးရွာတို့၌ အလျားပေ ၁၀၀× အနံပေ ၁၀၀× အနက် ၆ ပေရှိ မြေသားရေကန်တစ်ကန်စီ တူးဖော်ပေးခဲ့ခြင်းဖြစ်သည်။

" ကျွန်တော်တို့ ကျေးလက်ဦးစီးဌာနအနေနဲ့ ရက် ၁၀၀ စီမံချက် ကာလအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ အခုတူးဖော်ပြီးတဲ့ မြေသားရေကန် ငါးကန်မှာ ကျေးရွာပြည်သူတွေ ရေခပ်ရာတွင် အဆင်ပြေစေဖို့ လက်နှိပ်ပန့် တပ်ဆင်တဲ့လုပ်ငန်းတွေ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေဝင်ရောက်မှုမှ ကာကွယ်ဖို့အတွက် ခြံစည်းရိုးကာရံတဲ့လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်ကျေးလက်ဌာနဦးစီးမှူး ဦးမင်းဆွေအောင်ကပြောသည်။

အဆိုပါကျေးရွာငါးရွာရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း၊ လက်နှိပ်ပန့် တပ်ဆင်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၈ ဒသမ ၅ သန်းကုန်ကျ၍ ကျေးရွာငါးရွာအတွက် စုစုပေါင်း ငွေကျပ် ၄၂ ဒသမ ၅ သန်းကုန်ကျမည်ဖြစ်ကြောင်းနှင့် မြေသားရေကန်များကို မိုးရာသီမတိုင်မီ တူးဖော်ပေး ခြင်းကြောင့် ယခုနှစ် မိုးရာသီတွင် မြေသားရေကန်များမှာ ရေပိုမိုစုဆောင်းသိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# နိုင်ငံရေးအမြင်၊ ကာကွယ်ရေးအမြင်၊ စီးပွားရေးအမြင်နှင့် အုပ်ချုပ်ရေးအမြင်တို့သည် တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်




**နေပြည်တော် ဇွန် ၁၇**

နိုင်ငံရေးအမြင်၊ ကာကွယ်ရေးအမြင်၊ စီးပွားရေးအမြင်နှင့် အုပ်ချုပ်ရေးအမြင်တို့သည် တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းအမြင် လေးမြင်သည် တိုင်းပြည်အတွက် အမြဲအသုံးချနိုင်သည့် အသိပညာများလည်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှိ သင်တန်းခန်းမ၌ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားများ၊ တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းများမှ တပ်မှူးကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **(ဓါတ်ပုံ)** ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေး၊ ခေတ်မီတပ်မတော် တည်ဆောက်ရေး၊ အတွေးအခေါ်မြင့်မားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများတွင် မြန်မာနိုင်ငံမှ ပါဝင်ကူညီပေးရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara ကို ယနေ့နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တီမောလက်စ်တေနိုင်ငံမှ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေမှုများတွင် မြန်မာနိုင်ငံမှ ပါဝင်ကူညီပေးရေးနှင့် နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

စက်ပြင်အင်ဂျင်နီယာများက ရက်ပေါင်း ၆၀ အတွင်း အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာလေယာဉ်အင်ဂျင်နီယာများက ခရီးသည် ၇၀ ခန့် တင်ဆောင်နိုင်သော ATR72-212A လေယာဉ်အမှတ် XY-AJN ကို ရက် ၁၀၀ စီမံချက်အဖြစ် အကြီးစားစစ်ဆေးပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခင်က စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်၍ အကြီးစားပြင်ဆင်မှုများ လုပ်ဆောင်ရကြောင်း၊ ယင်းအကြီးစားပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၄ ဧပြီလကတည်းက ATR ကုမ္ပဏီနှင့် စာချုပ်ချုပ်ပြီး လေယာဉ်အကြီးစားပြင်ဆင်မှုကို ATR ကုမ္ပဏီက ခွင့်ပြုချက်ရရှိခဲ့ကြောင်း၊ ယင်းကုမ္ပဏီက လေယာဉ်ကို စက်တင်ဘာလတွင် လာရောက်မစစ်ဆေးမီ ရက် ၁၀၀ စီမံကိန်းနှင့် အပြီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းခရီးသည်လေယာဉ်ကို ယခင်က ရှစ်နှစ်တစ်ကြိမ် အကြီးစားစစ်ဆေးပြင်ဆင်မှု ပြုလုပ်လေ့ရှိသည်။ ယခင်က အဆိုပါ လေယာဉ်အကြီးစားပြင်ဆင်မှုကို ပြည်ပသို့ပို့ပြီး ပြင်ဆင်ရသည့်အတွက် ဒေါ်လာခုနစ်သိန်းခွဲခန့်ကုန်ကျပြီး အနည်းဆုံးဒေါ်လာလေးသိန်းခွဲ ခန့်ကုန်ကျကြောင်း၊ ယခု ATR ကုမ္ပဏီနှင့်ချိတ်ဆက်၍ လိုအပ်သောပစ္စည်းတင်သွင်း ပြီး လုပ်ဆောင်ခဲ့သည့်အတွက် ဒေါ်လာတစ်သိန်းခွဲခန့်သာ ကုန်ကျမှုရှိကြောင်း၊ အကျိုးရလဒ်အဖြစ် မြန်မာအင်ဂျင်နီယာများက မိမိနိုင်ငံမှာပင် လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လေယာဉ်ကို လွန်ခဲ့သောလေးနှစ်က ပြင်သစ်ကုမ္ပဏီ ATR မှ ဝယ်ယူခဲ့ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းက ခြောက်စင်းဝယ်ယူထားကြောင်း လေယာဉ်ကို ရှစ်နှစ်တစ်ကြိမ် အကြီးစားပြင်ဆင်မှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရ သည်။

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

❖ *ကျောဖုံးမှ*

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က “ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေသုံးစွဲတဲ့ ဝန်အားပြည့်မီဖို့ အဓိကထား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိတယ်။ အဓိက ထုတ်လုပ်တာကတော့ ရေအားလျှပ်စစ်နဲ့ ဂတ်စ်ကို အသုံးပြုပြီး ထုတ်လုပ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့၃၄ ရာခိုင်နှုန်းက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါတယ်။ ၆၆ ရာခိုင်နှုန်းကတော့ လျှပ်စစ်ဓာတ်အား မသုံးစွဲနိုင်သေးပါဘူး။ ၂၀၃၀ မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

“ဒီနေ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့ သူတို့ဆီက စီးပွားရေးအဖွဲ့အစည်းတွေနဲ့ တွေ့ခဲ့ပါတယ်။ ဒီလိုတွေ့တဲ့အခါမှာ အဓိက ပြင်သစ်နဲ့ ကျွန်တော်တို့ လျှပ်စစ်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ ရှမ်းပြည်မြောက်ပိုင်းမှာ မဂ္ဂါဝပ် ၁၀၅၀ လောက်ထုတ်လုပ်နိုင်တဲ့ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းကြီးရှိပါတယ်။ ဒီစီမံကိန်းကို ကျွန်တော်တို့ ဘဏ္ဍာငွေနဲ့ စတင်အကောင်အထည်ဖော်တာဆိုရင် ၁၀ ရာခိုင်နှုန်း ကျော်ကျော်လောက် ပြီးသွားပါပြီ။ ကျွန်တော်တို့မှာ



**ဦးထိန်လွင်**
**အမြဲတမ်းအတွင်းဝန်**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

ဘဏ္ဍာငွေကန့်သတ်ချက် ရှိနေပါတယ်။ ပြင်သစ်ကလည်း အကူအညီပေးမယ် ပြောတဲ့အတွက် ပြင်သစ်ချေးငွေနဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီစီမံကိန်းကြီးအတွက် ငွေရေးကြေးရေး ပူစရာမရှိတော့ပါဘူး။

“ပြင်သစ်နိုင်ငံနဲ့ ဆွေးနွေးတဲ့အခါမှာ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားအတွက်လည်း ဆွေးနွေးခဲ့တယ်။ ရန်ကုန်မှာ လျှပ်စစ်ဓာတ်အားဖြေရှင်းဖို့ အထောက်အကူပြုမယ်လို့ ကမ်းလှမ်းပါတယ်။ စိတ်ဝင်စားကြပါတယ်။ မဂ္ဂါဝပ် ၃၀၀ လောက်ထပ်ရဖို့ အစီအမံတွေ ဆောင်ရွက်နေတာရှိပါတယ်။ အဆင်ပြေနိုင်ပါတယ်”ဟု ပြောပြသည်။

“ရခိုင်ပြည်နယ် လေးမြို့မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် အကြမ်းဖျင်း ခန့်မှန်းထားတာကတော့ လေးမြို့(၁)က မဂ္ဂါဝပ် ၆၀၀၊ လေးမြို့(၂)က မဂ္ဂါဝပ် ၉၀ စုစုပေါင်း မဂ္ဂါဝပ် ၆၉၀ ထုတ်လုပ်ဖို့ ရည်မှန်းထားတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် မထုတ်ခင်မှာ အရင်ဆုံးဖြစ်မြောက်နိုင်စွမ်းကို လေ့လာရပါတယ်။ ဒီကြားထဲမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုတွေကိုလည်း လေ့လာရပါတယ်။ ဒီလို လေ့လာဖို့အတွက် ကုန်ကျစရိတ်ကို ပြင်သစ်ကဒေါ်လာ တစ်သန်း အကူအညီပေးပါမယ်။ ဒီဟာ ဆောင်ရွက်ပြီးသွားရင် ရခိုင်ပြည်နယ်အတွက် လုံလောက်တဲ့ ဓာတ်အားရရှိပါမယ်”ဟု အမြဲတမ်းအတွင်းဝန်က အဆိုပါစီမံကိန်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

“ရေအားဆိုရင် ရေသယံဇာတကို အသုံးပြုတယ်။ ဘယ်လိုသယံဇာတကို မဆို အသုံးပြုရင် ထိခိုက်မှု side effect ကတော့ အနည်းနဲ့အများရှိမယ်။ ဒီလို ရေသယံဇာတကို အသုံးပြုတဲ့အခါမှာလည်း သဘာဝပတ်ဝန်းကျင်မှာ ရေမြုပ်တဲ့ ဧရိယာတွေရှိနိုင်တယ်။ ဒါပေမယ့် အနည်းဆုံးဖြစ်အောင်လုပ်ရမယ်။ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သူတို့ရဲ့ လေ့လာဆန်းစစ်မှုတွေကို မူတည်ပြီးမှ Project တွေကို ဒီဇိုင်းလုပ်ရတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## မိုးများသဖြင့် သဖန်းဆိပ်ဆည်အတွင်း ရေဝင်ရောက်၍ စိုက်ပျိုးရေအတွက် ဖူလုံ

**စစ်ကိုင်း ဇွန် ၁၇**



စစ်ကိုင်းတိုင်းဒေသကြီး အထက် ပိုင်းတွင် ဇွန်လ ပထမပတ်က မိုးရွာသွန်းမှုများခဲ့ရာ သဖန်းဆိပ်တမံမှ သိုလှောင်နိုင်ခဲ့၍ မူးမြစ်ဝှမ်းဒေသအတွင်း ရေကြီးရေလျှံမှုများ ကာကွယ်နိုင်ခဲ့သလို ယခုစိုက်ပျိုး၍ အောင်ရေယူနေသော နွေစပါးနှင့် နွေသီးနှံများ ရေဖူလုံမည့်အပြင် မကြာမီ စိုက်ပျိုးမည့် မိုးစပါးပျိုးထောင်ရေနှင့် စိုက်ပျိုးရေအတွက်ပါ ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“ဇွန်လ ပထမပတ်က မိုးရွာတာများခဲ့တဲ့အတွက် သဖန်းဆိပ်ဆည်အတွင်းကို စီးဝင်တဲ့ရေ ပိုများလာခဲ့လို့ ဇွန် ၉ ရက်က ဆည်ရေ ဧကပေ ၁၅ သိန်းကျော် သိုလှောင်ထားရာကနေ ဇွန် ၁၆ ရက်မှာ ဧကပေ ၁၇ သိန်းကျော်အထိ ပိုမိုဝင်ရောက်လာပါတယ်”ဟု တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

သဖန်းဆိပ် ရေလှောင်တမံသည် ကန်ရေပြည့် ၂၈ ဒသမ ၈ သိန်း ဧကပေ သိုလှောင်နိုင်သည်ဖြစ်၍ ဧက ၁၂ သိန်းခန့် ထပ်မံသိုလှောင်နိုင်မည်ဖြစ်သလို သဖန်းဆိပ်ရေလှောင်တမံမှ နွေစပါးနှင့် နွေသီးနှံ ဧကလေးသိန်းခန့်အတွက် နေ့စဉ်ဧကပေ ၁၃၀၀၀ ခန့် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံအတွင်း စီးဝင်ရေ ပိုမိုများလာသဖြင့် သဖန်းဆိပ်ဆည် ရေသောက်ဧရိယာအတွင်း ယခုစိုက်ပျိုး၍ အောင်ရေယူနေသော နွေစပါးနှင့် နွေသီးနှံများ ရေဖူလုံမည့်အပြင် မကြာမီစိုက်ပျိုးမည့် မိုးစပါးပျိုးထောင်ရေနှင့် စိုက်ပျိုးရေအတွက်ပါ ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ထို့အပြင် သဖန်းဆိပ်တမံအောက်ပိုင်း၊ မူးမြစ်ဝှမ်းဒေသအောက်ပိုင်း၊ မူးမြစ်ဝှမ်းဒေသအတွင်းသို့ စီးဝင်ရေ ဧကပေ နှစ်သိန်းကျော်အား သဖန်းဆိပ်တမံမှ သိုလှောင်နိုင်ခဲ့၍ မူးမြစ်ဝှမ်းဒေသအတွင်း ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ခဲ့ရာ လာမည့်မိုးလယ်နှင့် မိုးနှောင်းပိုင်းကာလတို့တွင်လည်း ကန်ရေပြည့်ရရှိအောင် ဆက်လက်သိုလှောင်နိုင်ရေးနှင့် တမံကြံ့ခိုင်မှု ကောင်းမွန်ရေးတို့ကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင်မှ ကိုယ်စားလှယ်များဖြစ်သည့်အတွက် ဥပဒေကိုလေးစားလိုက်နာရန်လို

**နေပြည်တော် ဇွန် ၁၇**

မိမိတို့သည့် ဥပဒေပြုရေးမဏ္ဍိုင်မှ ကိုယ်စားလှယ်များ ဖြစ်သည့်အတွက် ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် တည်ဆဲဥပဒေများကို လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။ **(ယာပုံ)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လွှတ်တော်သည် ပြည်သူများက ၎င်းတို့၏လုပ်ပိုင်ခွင့်ကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးအပ်ထားခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်ဆိုခြင်းသည် ဒီမိုကရေစီ၏အခြေခံမှုဖြစ်ပါကြောင်း၊ ပြည်သူ့ထံမှ ဆင်းသက်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာသုံးရပ်တွင် မိမိတို့က ဥပဒေပြုရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း၊ မိမိတို့သည် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အတွက် ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော် ဆောင်ရွက်ရသော်လည်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများတွင် ဝင်ရောက်စွက်ဖက်ခွင့် မရှိပါကြောင်း။

ဥပဒေပြုရေးအပိုင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်တာဝန်နှင့်ကျင့်ဝတ်များ ရှိပါကြောင်း၊ လုပ်ပိုင်ခွင့်အပိုင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများနှင့် ဥပဒေကြမ်းများ တင်သွင်းနိုင်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာအပိုင်း၌ ကိုယ်စားလှယ်တစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လေးစားလိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ်တွင် အလွဲသုံးစားမပြုလုပ်ရန် လိုအပ်ပါကြောင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ရိုးသားမှန်ကန်စွာဖြင့် ကျင့်သုံးရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများသည် ဆင်းရဲနွမ်းပါး၍ တိုင်းပြည်မှာလည်း ဆင်းရဲချို့တဲ့နေသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လိုအပ်သည်ထက် ပို၍ခံစားမနေသင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ရိုးသားဖြောင့်မတ်မှုကို အခြေခံ၍ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်တင်အိတို့က လွှတ်တော်လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်တင်အိ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုများနှင့် ကန့်ကွက်လွှာအမှုများ ဆက်လက်စစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

ရွေးကောက်ပွဲခုံအဖွဲ့(၄) ဥက္ကဋ္ဌ ဦးလှတင့် ဦးဆောင်သည့် ခုံအဖွဲ့က ၂၆-၅-၂၀၁၆ ရက်နေ့တွင် ကန့်ကွက်လွှာအမှုအမှတ် (၄၂) လျှောက်ထားသူ ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ကန့်ကွက်လွှာ အမှုအမှတ် (၄၄) လျှောက်ထားသူ ဦးစန်းမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးသိန်းဟန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အမှုတွင် လျှောက်ထားခံရသူများဘက်မှ တရားမကျင့်ထုံး ဥပဒေအမိန့် (၉) နည်းဥပဒေ (၉) (၁) အရ တရားမကျင့်ထုံးဥပဒေ အမိန့် (၉) နည်းဥပဒေ (၈) အရ ပလပ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ရာ လျှောက်ထားသူများဘက်မှ ရုံးသို့အချိန်မီလာရောက်ရန် ပျက်ကွက်ခြင်းသည် လုံလောက်သည့် အကြောင်းများရှိသည်ဟု မတွေ့ရသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် (၉) နည်းဥပဒေ (၉) အရ လျှောက်ထားချက်အားပယ်ကြောင်း ကြားဖြတ်အမိန့်ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူများက သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)နှင့် နည်းဥပဒေ (၁၀၀) အရ ပြင်ဆင်မှုလျှောက်ထားခဲ့ရာ ၃၁-၅-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလက်ခံပြီး လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ (ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့ပါဝင်သည့် ခုံရုံးဖြင့် ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း ဇွန်လ ၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) နှင့် နည်းဥပဒေ (၁၀၀) အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၂/၂၀၁၆) လျှောက်ထားသူ ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က)နှင့် နည်းဥပဒေ(၁၀၀)အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ် (၃/၂၀၁၆) လျှောက်ထားသူ ဦးစန်းမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးသိန်းဟန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)တို့၏ အမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့ပါဝင်သည့် ခုံရုံးက ၁၄-၆-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် ရုံးထိုင်ကြားနာစစ်ဆေးခဲ့ရာ လျှောက်ထားသူဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ချိုက ပြင်ဆင်မှုအစား အယူခံအဖြစ် ပြောင်းလဲစစ်ဆေးပေးရန် လျှောက်ထားတင်ပြချက်အပေါ် ခုံရုံးကလက်ခံခဲ့ပြီး ၈-၇-၂၀၁၆ ရက် (သောကြာနေ့)တွင် စုံညီခုံရုံးဖြင့် ရုံးထိုင်ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း သိရှိရသည်။

ရွေးကောက်ပွဲခုံအဖွဲ့(၂) ဥက္ကဋ္ဌ ဦးစိုးရယ် ဦးဆောင်သည့် ခုံအဖွဲ့က ကန့်ကွက်လွှာအမှုအမှတ် (၂၉) လျှောက်ထားသူ ဦးမောင်မောင်ဖြူ (ရခိုင်အမျိုးသားပါတီ)၊ လျှောက်ထားခံရသူ ဦးဝင်းနိုင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုကို ဆက်လက်စစ်ဆေးခဲ့ရာ ရွေးကောက်ပွဲခုံအဖွဲ့က လျှောက်ထားခံရသူ ဦးဝင်းနိုင်သည်သာ ခိုင်လုံမဲအများဆုံးဖြင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၌ ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၂-၁၁-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်(၄၂/၂၀၁၅) အရ အတည်ဖြစ်လျက်ရှိပြီး လျှောက်ထားသူတောင်းဆိုသည့် သက်သာခွင့်ရထိုက်မှုမရှိကြောင်း၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ အတည်ဖြစ်လျက်ရှိကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လျှောက်ထားမှုကို တရားစရိတ်နှင့်တကွ ပယ်သည့် အမိန့်ကို ချမှတ်ခဲ့သည့်အပြင် တရားစရိတ်ငွေ ၂ သိန်းကျပ်ကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် ဇွန် ၁၃ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။

**(သတင်းစဉ်)**

# စက်ရေတွင်းအမှတ် ၁၁၅ ရေတူးဖော်မှုအောင်မြင်



**ညောင်ဦး ဇွန် ၁၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)က ရေရှားပါးသော ဒေသများတွင် ရေတူးစက်ကြီးများဖြင့် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ယမ်းဆမ်းကျေးရွာတွင် တူးဖော်လျက်ရှိသော စက်ရေတွင်းအမှတ်(၁၁၅)သည် အနက်ပေ ၅၄၀ အရောက်တွင် တစ်နာရီ ရေဂါလန် ၃၅၀၀ နှုန်းဖြင့် ဇွန် ၁၆ ရက်က တူးဖော်အောင်မြင်ခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ လီဆူ၊ အာခါ၊ ယင်း၊ ပဒေါင်၊ ကယား၊ ကရင်၊ ဗမာစသည့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသများဖြစ်သော ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်း၊ ဟဲဟိုး၊ အောင်ပန်း၊ ပင်းတယ၊ ကလော၊ တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ ခိုလမ်၊ နောင်တရားမြို့နယ်များ၊ ကယားပြည်နယ် လွိုင်ကော်၊ ဒီးမောဆိုမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀၁၄ ခုနှစ် မတ်လမှ စတင်၍ စက်ရေတွင်းတူးစက်ကြီး ခုနစ်စီး၊ စက်ငယ် ၁၅ စီးဖြင့် ယနေ့အထိ စက်ရေတွင်းစုစုပေါင်း ၁၄၅ တွင်းကို တူးဖော်ပေးခဲ့ရာ စုစုပေါင်း ရေတွင်း ၁၀၉ တွင်းအထိ တူးဖော်လှူဒါန်းပေးနိုင်ခဲ့ပြီး ယနေ့တိုင်ဆက်လက် လှူဒါန်းတူးဖော်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သဲနိုင်ဦး**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**အိမ်မဲ ဇွန် ၁၇**

အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပုသိမ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်းကို ဇွန် ၁၅ ရက်က အိမ်မဲမြို့နယ် ဂယက်ကြီးကျေးရွာအုပ်စု ရုံးချောင်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ကျင်းပရာ မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်သိန်းက တက်ရောက်အမှာစကားပြောကြားသည်။

**၈၀၈၀**

## နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာ အမိန့်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် **“ နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစား အသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်”**ကို ၂၄-၇-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အဆိုပါ စားသောက်ကုန်များထုတ်လုပ်သူ၊ တင်သွင်းသူလုပ်ငန်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အသိပေးဆွေးနွေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို အချိန်ကာလနှစ်နှစ်ယူ၍ ပြည့်စုံစွာဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ (၂၄-၇-၂၀၁၆) ရက်နေ့မှစ၍ အမိန့်ကြော်ငြာစာသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော ၎င်းစားသောက်ကုန်များ ဈေးကွက်တွင် ရောင်းချခြင်းကို စိစစ်တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**ဇွန် ၁၇ ရက်က စားသုံးသူရေးရာ ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်/ဆက် ဦးစီးဌာနနှင့် ကျောင်းကျန်းမာရေး စစ်ဆေးရေးအဖွဲ့တို့ပူးပေါင်း၍ သဲကုန်းမြို့နယ်အထက မုန့်ဈေးတန်း၌ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများ၊ ရက်လွန်မုန့်များ ရှိ၊ မရှိ စစ်ဆေးစဉ်**

(မြို့နယ် ပြန်/ဆက်)

# ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပညာရေးဝန်ကြီးဌာနသို့ ကျောင်းကြို/ ပို့ ယာဉ် မီနီဘတ်စ် အစီး ၄၀ လှူဒါန်း

**နေပြည်တော် ဇွန် ၁၇**

သဘာဝသယံဇာတများသည် တစ်ချိန်တွင် ကုန်ဆုံးနိုင်သည့်အတွက် ပြည်သူတစ်ဦး၏ စွမ်းဆောင်ရည်သာအရေးကြီးဆုံးဖြစ်သည်၊ ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ကြောင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အဓိကထားဆောင်ရွက်မည့် ပြည်သူများရှိသည့်နိုင်ငံသည် အမှန်စင်စစ်ချမ်းသာကြွယ်ဝမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျဲဂယောင်းက ပြောသည်။

ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ပညာရေးဝန်ကြီးဌာနသို့ ကျောင်းကြို/ပို့ယာဉ် အစီး ၄၀ လှူဒါန်းသည့် အခမ်းအနား၌ ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သံအမတ်ကြီးက ပညာရေးဆိုင်ရာလုပ်ငန်းများသည် လူငယ်မျိုးဆက်သစ်များအတွက် အရေးကြီးသည်ကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံစလုံးကောင်းစွာနားလည်ကြပါကြောင်း၊ ကိုရီးယားနိုင်ငံသည် ကိုလိုနီနိုင်ငံအဖြစ် ကျရောက်ခဲ့ရပြီး စစ်ပွဲများကြောင့် နိုင်ငံ၏အနာဂတ်ပျောက်ခဲ့ဖူးကြောင်း၊ သို့သော် ပညာရေးဖြင့် အဆိုပါအခက်အခဲများကိုကျော်လွှားနိုင်ခဲ့ကြောင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများဖြင့် မျှော်လင့်ချက်မျိုးစေ့များချမှတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ တိုးတက်မြင့်မားရေးသည် ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းကောင်းဖြစ်သည့် အကောင်းဆုံးသောစွမ်းအားစုဖြစ်သည်ဟု ကိုရီးယားပြည်သူများက ယုံကြည်ခဲ့ကြကြောင်း ပြောကြားသည်။

ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ပညာရေးဝန်ကြီးဌာနသို့ ကျောင်းကြို/ပို့ယာဉ်အစီး ၄၀ လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေးကို ဦးတည်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယာဉ်မောင်းများကို စိစစ်ခန့်ထားသွားမည်ဖြစ်ကြောင်း၊ စက်သုံးဆီ၊ ယာဉ်မောင်းနှင့် ယာဉ်ပြုပြင်ခြင်းများကို အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လှူဒါန်းလိုသည့် နိုင်ငံတကာအဖွဲ့အစည်းရှိလျှင်လည်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ လှူဒါန်းသည့် ကျောင်းကြို/ပို့ ယာဉ်အစီး ၄၀ နှင့်စပ်လျဉ်းသည့်စာရွက်စာတမ်းများကို ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဌာနေကိုယ်စားလှယ်က နေပြည်တော် တိုင်းပညာရေးညွှန်ကြားရေးမှူးအား ပေးအပ်သည်။

"နေပြည်တော်မှာ ကျောင်းသူကျောင်းသားတွေ ကျောင်းတက်ဖို့ သွားလာရေး အဆင်မပြေဘူးဆိုတာကို သိရပါတယ်။ ဒါကြောင့် တစ်စိတ်တစ်ပိုင်းကူညီမှုအဖြစ် ဒီလိုလှူဒါန်းရခြင်းဖြစ်ပါတယ်။ မီနီဘတ်စ် အမျိုးအစားယာဉ်တွေဖြစ်ပြီး တစ်စီးကို ၂၉ ဦးတင်ဆောင်နိုင်ပါတယ်။ ဒီလှူဒါန်းမှုဟာ လှူဒါန်းမှုစီမံကိန်း ပထမအစီအစဉ်အဖြစ် လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းအောင်မြင်သွားရင် အဖွဲ့ရဲ့အစီအမံနဲ့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဆက်လက်လှူဒါန်းသွားမှာဖြစ်ပါတယ်။ မောင်းနှင်မယ့် ယာဉ်မောင်းတွေကို သင်တန်းတွေ ပေးသွားမယ်။ စီမံကိန်းအရ သုံးနှစ်အတွင်းမှာ ယာဉ်တွေပျက်စီးရင် ထောက်ပံ့ကူညီသွားမယ်။ စီမံကိန်းကာလ သုံးနှစ်ကျော်သွားရင်လည်း ရန်ကုန်မြို့မှာ အခြေစိုက်တဲ့ ကိုရီးယားကုမ္ပဏီနဲ့ ပူးပေါင်းကူညီသွားမှာဖြစ်ပါတယ်"ဟု ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ဒုတိယဌာနေကိုယ်စားလှယ် မစ္စ ချှောင်းဂျီဟဲက ပြောသည်။

အဆိုပါယာဉ်များကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၅)၊ (၆)နှင့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းများသို့ သတ်မှတ်ထားသည့်စုရပ်နှင့် သတ်မှတ်ထားသည့်လမ်းကြောင်းများမှ ဇွန်လ ၂၃ ရက်တွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းကို လမ်းကြောင်း သုံးကြောင်းနဲ့ ကြို/ပို့သွားမှာဖြစ်ပါတယ်။ ပထမလမ်းကြောင်းအနေနဲ့ အထက-၁၁ အနီး စုရပ်၊ အထက - ၁၀ နဲ့ အထက-၉ အနီး ဂန္ဓမာဈေးစုရပ်၊ အထက-၈ အနီး ဓမ္မာရုံစုရပ်၊ အထက-၆ စုရပ်နဲ့ ဇေ - ၁၀၀၀ မှာ အင်ကြင်းဈေးနဲ့ ဆက်သွယ်ရေးရုံး လမ်းဆုံစုရပ်တွေကနေ သွားမှာဖြစ်တယ်။ ဒုတိယလမ်းကြောင်းက ရွှေကြာပင်ညှော့ရိပ်သာအနီးစုရပ်နဲ့ သီရိရတနာအဆင့်မြင့်ဈေး စုရပ်တွေကနေသွားမှာဖြစ်တယ်။ တတိယလမ်းကြောင်းကတော့ သပြေကုန်းရပ် သာယာကုန်းရွာဟောင်းစုရပ်နဲ့ သပြေကုန်းဈေးကားပါကင်စုရပ်တွေကနေ သွားမှာဖြစ်ပါတယ်။ မိဘတွေ လိုက်ပါလို့မရပါဘူး။ လမ်းကြောင်းတစ်ခုမှာ လောလောဆယ် ယာဉ်သုံးစီးစီ ပြေးဆွဲသွားမှာဖြစ်ပြီး ကျောင်းသားဦးရေတိုးမြင့်လာရင် မော်တော်ယာဉ်အစီးရေကိုလည်း တိုးမြှင့်ပြေးဆွဲသွားမှာဖြစ်ပါတယ်။ မိဘတွေအနေနဲ့ စုရပ်တွေမှာပဲ ကြိုတာပို့တာတွေဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက ပြောသည်။

**မင်းမင်းဇော် (သတင်းစဉ်)**




# မူးယစ်အန္တရာယ် အသိပညာပေးဟောပြော

**ပုဏ္ဏားကျွန်း ဇွန် ၁၇**

ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာအထက (ခွဲ) မဟာပညာကျော်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား စခန်းမှူးဒုရဲမှူး ကျော်ဇံနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူတို့က မူးယစ်ဆေးဝါးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရေး အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်/ပြန်ဆက်ဦးစီးမှူးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ပြီး ဝန်ထမ်းများက ပြန်/ဆက်ဦးစီးဌာနမှထုတ်ဝေသော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးသတင်းစကား လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး ဆရာ၊ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

# အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေး

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသောလျှပ်ကာ ကြွေသီးများအသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၈ ရက်တွင် ဒဂုံဆိပ်ကမ်း၊ တောင်ဥက္ကလာပ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ ဒေါပုံ၊ သာကေတ၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ ဗဟန်း၊ မရမ်းကုန်း၊ ဒဂုံ၊ အေးရွာ(ကြည့်မြင်တိုင်တစ်ဖက်ကမ်း)၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တံတား၊ ဆိပ်ကြီးခနောင်တို၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူး၊ ဖောင်ကြီး၊ တိုက်ကြီး၊ ထန်းတပင်၊ ဥက္ကံ၊ အဖျောက်၊ မှော်ဘီ၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် (၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဇွန် ၁၉ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ မြောက်ဥက္ကလာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ မရမ်းကုန်း၊ လှိုင်၊ သန်လျင်၊ ကျောက်တန်း၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် (၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀) နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ထို့ကြောင့် ဖော်ပြပါရှိသော မြို့နယ်များ၏ ရပ်ကွက်အချို့နေရာအချို့တို့တွင်သာ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး၊ မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးညွှတ်တောင်းပန်ထားကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်း

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ဇွန် ၁၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇွန် ၁၇ ရက် (သောကြာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၀၀၀ |
| ၂။ | ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၃၀၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၀၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၃၄၀၀၀ |
| ၈။ | မတ်ပဲSQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၉၉၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၀ မှ ၁၈၇၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ ပင်းတယ၊ မင်းဘူး၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၈၅ မှ ၆၃၅ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၅၀ မှ ၃၀၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀၀ မှ ၃၉၀၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၄၃၅၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၅။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၉၆၀ |
| ၁၆။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၁၀၀၀ |
| ၁၇။ | သရက်သီး(မချစ်စု) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀၀ မှ ၁၉၀၀၀ |
| ၁၈။ | ကြက်မောက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၅၀၀၀ |
| ၁၉။ | ဒူးရင်းသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# ဗြိတိန် ပါလီမန်အမတ်တစ်ဦး လမ်းပေါ်တွင်သေနတ်ဖြင့်ပစ်သတ်ခံရ



**လန်ဒန် ဇွန် ၁၇**

ဗြိတိန်ပါလီမန် အမတ်တစ်ဦးသည် ကြာသပတေးနေ့က အင်္ဂလန်နိုင်ငံ မြောက်ပိုင်းရှိလမ်းမပေါ်၌ ပစ်သတ်ခံရမှုကြောင့် ဗြိတိန်နိုင်ငံတစ်ဝန်းလုံး တုန်လှုပ်ချောက်ချားခဲ့သည်။

ပစ်သတ်ခံရသူမှာ အသက် ၄၁ နှစ်အရွယ်ရှိ ဂျိုကော့ဇ်ဆိုသူဖြစ်ပြီး အတိုက်အခံလေဘာပါတီမှဖြစ်သည်။ ၎င်းသည် ဗြိတိန်ကို ဥရောပသမဂ္ဂမှ မထွက်ခွာစေရေး ထောက်ခံသူတစ်ဦးလည်း ဖြစ်သည်။ မီဒီယာများက ၎င်းသည် ပစ်သတ်ခံရပြီးနောက် ဓားဖြင့်ထိုးခံရကြောင်း ဖော်ပြကြသည်။ အသက် ၅၂ နှစ်အရွယ် အမျိုးသားတစ်ဦးကို လက်နက်များလက် ဝယ်တွေ့ရှိသည့်အတွက် မသင်္ကာမှုဖြင့် ဖမ်းဆီးထားကြောင်း ရော့ရှိုင်းယား အနောက်ဘက်ဒေသမှ ရဲများကပြောသည်။

လူတစ်ဦးသည် အိတ်အတွင်းမှ သေနတ်ထုတ်ကာ နှစ်ကြိမ်ပစ်ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။ ပစ်သတ်ခံရသူ အမျိုးသမီးမှာ အော်ဟစ်ခြင်းလည်း မပြုနိုင်ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။

ဥရောပသမဂ္ဂမှ ခွဲထွက်လိုသည့် အုပ်စုနှင့် ခွဲထွက်လိုခြင်းမရှိသည့် အုပ်စုနှစ်ခုလုံးကပါ ၎င်း၏သေဆုံးမှုကြောင့် မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို ရပ်ဆိုင်းထားသည်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက စပိန်ကမ်းရိုးတန်းတောင်ပိုင်း ဗြိတိန်နယ်မြေရှိ ဂျီဘရော်လတာ၌ လူထုစည်းဝေးပွဲများကို ရုပ်သိမ်းရန် စီစဉ်ထားကြောင်းပြောသည်။

ဗြိတိန်သည်ဥရောပသမဂ္ဂမှ ထွက်ခွာရန်သင့် မသင့် လူထုဆန္ဒခံယူပွဲကို ဇွန် ၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**(ရိုက်တာ)**

# အင်ဒီရာနာဂျုံး ဇာတ်ကားတွင် ဇာတ်လိုက် သေဆုံးသည့်အခန်း ရိုက်ကူးမည်မဟုတ်

**နယူးယောက် ဇွန် ၁၇**

အင်ဒီရာနာဂျုံးဇာတ်ကား ငါးကားမြောက်တွင် ဇာတ်လိုက်သေဆုံးသည့်အခန်း ရိုက်ကူးမည်မဟုတ်ဟု ဒါရိုက်တာ စတီဗင်စပီးဘတ်က ပြောသည်။

အင်ဒီရာနာဂျုံး ဇာတ်ကားတွဲ၏ ကြယ်ပွင့်မှာ ဟာရီဆင်ဖို့ဒ်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ဇာတ်ကားအသစ်ပြသရန် ရည်ရွယ်ထားသည်။

"ဇာတ်လမ်းရဲ့ အဆုံးသတ်မှာ ဟာရီဆင်ဖို့ဒ်ကို သေခိုင်းမှာမဟုတ်ဘူး" ဟု စပီးဘတ်က ပြောသည်။

၎င်းသည် အင်ဒီရာနာဂျုံးဇာတ်ကား



လေးကားကို ရိုက်ကူးခဲ့ပြီး အသစ်ရိုက်ကူးမည့်ဇာတ်ကားအတွက် စိတ်လှုပ်ရှားမိကြောင်းလည်း ဆိုသည်။

ဟာရီဆင်ဖို့ဒ်သည်လည်း ဇာတ်ကားသစ်ရုံတင်သည့်အခါ၌ ၎င်း၏အသက်မှာ ၇၇ နှစ်ရှိလာမည်ဖြစ်သည်။

ယခုနှစ် အစောပိုင်းကလည်း ဟာရီဆင်ဖို့ဒ်က ၎င်းအနေဖြင့် ဇာတ်ကားသစ်ထပ်မံ ရိုက်ကူးရန်ဆန္ဒရှိကြောင်း သို့သော် စတီဗင်စပီးဘတ်မပါဘဲ ရိုက်ကူးမည်မဟုတ်ကြောင်း ပြောသည်။

**(ဆင်ဟွာ)**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန် ၅၀ ကျော် ဆီးရီးယားတွင်လက်ရှိကျင့်သုံးမည့် အမေရိကန်မူဝါဒကို ဝေဖန်ထားသည့် စာချုပ်မူကြမ်းအား လက်မှတ်ရေးထိုး



**ဒမတ်စကတ် ဇွန် ၁၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန် ၅၀ ကျော်သည် ပြည်တွင်းစစ်ငြိမ်းချမ်းရေးသဘောတူညီမှုကို ဖောက်ဖျက်နေသည့် သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရကို ဆန့်ကျင်ပြီး စစ်ရေးဆိုင်ရာတိုက်ခိုက်မှုများ ပြုလုပ်ရန် တိုက်တွန်းထားသည့် ဆီးရီးယားရှိ အမေရိကန်မူဝါဒကို ပြင်းထန်စွာဝေဖန်မှုပြုထားသည့် ဌာနတွင်း သဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သဘောကွဲလွဲမှုစာချုပ်မူကြမ်းကို ဆီးရီးယားမူဝါဒ အကြံပေးအရာရှိကြီးငယ်များ စုစုပေါင်း ၅၁ ဦး လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသို့ လက်မှတ်ရေးထိုးခြင်းကို ဝေါစထရိဒ်ဂျာနယ်တွင် ပထမဆုံးအနေဖြင့် ဖော်ပြခဲ့သည်။

သဘောကွဲလွဲမှုစာချုပ်မူကြမ်းကို ဖတ်ရှုခဲ့သော်လည်း ပါဝင်လက်မှတ်မရေးထိုးခဲ့သည့် အမေရိကန်အရာရှိတစ်ဦးက အိမ်ဖြူတော်သည် ဆီးရီးယားပဋိပက္ခတွင် အမေရိကန်စစ်ရေးဆိုင်ရာ ပါဝင်စွက်ဖက်မှုများကို ဆက်လက်ဆန့်ကျင်နေမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဆီးရီးယားတွင် နှစ်ပေါင်းအတော်များများ တာဝန်ထမ်းဆောင်နေသော အမေရိကန်အရာရှိများအနေဖြင့် ဆီးရီးယားနှင့်ပတ်သက်သော လက်ရှိကျင့်သုံးနေသည့် အမေရိကန်မူဝါဒသည် ထိရောက်ခြင်း၊ အကျိုးသက်ရောက်ခြင်းမရှိကြောင်း တခြားခိုင်လုံသော သတင်းရင်းမြစ်အရ သိရသည်။

**(ရိုက်တာ)**

# အရှေ့အလယ်ပိုင်း၌ ဖုန်နှင့်သဲမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်၊ ဒေသခံများ၏ ကျန်းမာရေးထိခိုက်နိုင်

**ဂျီနီဗာ ဇွန် ၁၆**

အရှေ့အလယ်ပိုင်း၌ ဖုန်နှင့်သဲမုန်တိုင်း ဆိုးဆိုးရွားရွားတိုက်ခတ်ခဲ့ရာ လူများ၏ကျန်းမာရေးကို အဓိကထိခိုက်နိုင်ကြောင်း ကုလသမဂ္ဂမှ သိပ္ပံပညာရှင်များက ပြောသည်။ အီရန်နှင့် ကူဝိတ်နိုင်ငံများသည် သဲမုန်တိုင်း၏ဒဏ်ကို ပို၍ခံစားရပြီး ဆီးရီးယားနှင့် အီရတ်တို့၌လည်း သဲမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မြေနှင့် ရေတို့ကို စီမံခန့်ခွဲရာ၌ ညံ့ဖျင်းမှုကြောင့် ယင်းဒေသ၌ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်နှင့်သဲမုန်တိုင်းသည် ယခင်ကဖြစ်ပွားခဲ့ခြင်းမရှိသည့် ဒေသဖြစ်သည့် အာရှဒေသ၌ပါ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသ ပညာရှင်များက ပြောသည်။ အရှေ့အလယ်ပိုင်းဒေသ၌ ၁၅ နှစ်အတွင်း ဖုန်နှင့်သဲမုန်တိုင်းတိုက်ခတ်မှုနှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့သည်ဟု မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ အန်ရစ်တာရာဒီလက်စ်က ပြောသည်။ ၎င်းသည် အရှေ့အလယ်ပိုင်းဒေသမှ ဖုန်နှင့်သဲမုန်တိုင်းတိုက်ခတ်မှု ကြိုတင်ခန့်မှန်းမှုဆိုင်ရာ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းမှ ဖြစ်သည်။ သဲမုန်တိုင်းစတင်တိုက်ခတ်ရာ နေရာမှာ အီရတ်နိုင်ငံမှဖြစ်ပြီး ဆည်နှင့်တာတမံများ အပြိုင်အဆိုင်တည်ဆောက်ခြင်းကြောင့် မြစ်ရေမှာ သိသိသာသာကျဆင်းလာသည်။

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်က အီရတ်နိုင်ငံသည် ၁၀ နှစ်အတွင်း ဖုန်မုန်တိုင်း အကြိမ် ၃၀၀ အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။

အီရန်နိုင်ငံ၌လည်း တီဟီရန်အပါအဝင် ပြည်နယ် ၁၄ ခု၌ ဖုန်မုန်တိုင်းဒဏ်ကို ခံစားရနိုင်ကြောင်း အီရန်ကျန်းမာရေးဌာနမှ သတိပေးထားသည်။

**(ဘီဘီစီ)**



# မူကြိုကျောင်းသားတစ်ဦး ကျောင်းကားအတွင်း သေဆုံး၍ ဝန်ထမ်းလေးဦးကို ထိန်းသိမ်း

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်ရှိ ကျောင်းတစ်ကျောင်းတွင် မူကြိုကျောင်းသားတစ်ဦး ကျောင်းကားအတွင်းကျန်ရစ်ကာ သေဆုံးခဲ့သည့်အတွက် ဝန်ထမ်းလေးဦးကို ဖမ်းဆီးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက သောကြာနေ့တွင် ပြောသည်။ ကျောင်းကား ဒရိုက်ဘာ၊ ကလေးငယ်၏ဆရာ၊ ကျောင်းကားမှ ကြီးကြပ်ရေးမှူးနှင့် သူငယ်တန်းမှ ကျောင်းအုပ်တို့ကို ရဲများက ထိန်းသိမ်းထားခဲ့သည်။ သေဆုံးသွားခဲ့သူကလေးငယ်မှာ လေးနှစ်အရွယ်ဖြစ်ပြီး ကြာသပတေးနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်။ ကလေးငယ်မှာ နံနက် ၇ နာရီဝန်းကျင်ခန့်က ကားပေါ်သို့လိုက်ပါလာခဲ့ပြီး ညနေ ၃ နာရီခန့်တွင် ၎င်း၏အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သေဆုံးရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ သို့သော် ကြာသပတေးနေ့က အပူချိန်မှာ ၃၂ ဒီဂရီဆဲလ်စီးရပ်အထိ ရှိခဲ့သည်။

**(ဆင်ဟွာ)**

# အော်လန်ဒိုအကြမ်းဖက်ပစ်ခတ်မှု သို့မဟုတ် အမေရိကန်လက်နက်ထိန်းချုပ်ရေးဘာလဲ၊ ဘယ်လဲ

**တင်လင်းအောင်**



အမေရိကန်ပြည်ထောင်စု အော်လန်ဒိုတွင်ဖြစ်ပွားသော ကြောက်မက်ဖွယ်နိုက်ကလပ် တိုက်ခိုက်ခံရမှုနှင့် ပြင်သစ်နိုင်ငံ ပါရီတွင် လူပေါင်း ၁၃၀ သေဆုံးသွားသော ပစ်ခတ်မှုနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်များကြား တူညီမှုများ များစွာရှိသော်လည်း ထူးခြားသော ကွဲပြားခြားနားမှုတစ်ခုမှာ အမေရိကန်ပြည်ထောင်စု အော်လန်ဒိုတွင် လက်နက်များကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ပိုင်ဆိုင်ခွင့် ဥပဒေဆိုင်ရာ ကောင်းကျိုး ဆိုးကျိုးနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ကိစ္စရပ်အပေါ် ဆွေးနွေးမဖော်ပြချင်သော်လည်း အများသဘောတူ ဆန္ဒတစ်ခုမှာ အကြမ်းဖက်လုပ်ရပ် သို့မဟုတ် ပြစ်မှုများကျူးလွန်ရန် လက်နက်များအသုံးပြုနိုင်ချေရှိသည့် လူများ၏လက်ထဲသို့ ယင်းလက်နက်များ မရောက်ရှိရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းများဖြင့် တားဆီးရမည်ဖြစ်သည်။

လက်နက်ထိန်းချုပ်ရေးကို သေချာစေသည့် အရေးအကြီးဆုံးအချက်တစ်ချက်မှာ လက်နက်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းအတွက် မှတ်ပုံတင်ရန်နှင့် တရားဝင်ကိုင်ဆောင် အသုံးပြုခွင့်ရရှိရန်အတွက် ထိရောက်သောစနစ်တစ်ခု ရှိကိုရှိရမည်ဖြစ်သည်။ ထို့အတူ လက်နက်ပိုင်ဆိုင်ခွင့်ပြုရန်အတွက် ကနဦးအနေဖြင့်သာမက နောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့် စံသတ်မှတ်ချက်တစ်ခုမှာ လူမှုပတ်ဝန်းကျင်ကို အန္တရာယ်ပြု ခြိမ်းခြောက်နိုင်သောလူများ၏ လက်ထဲသို့လက်နက်ရောက်နိုင်သည့် အခွင့်အလမ်းကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရေးပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အော်လန်ဒိုတွင်ဖြစ်ပွားသော ကြောက်မက်ဖွယ်နိုက်ကလပ်တိုက်ခိုက်ခံရမှုကို ပြန်ကြည့်လျှင် အိုမာမက်တင်းသည် သိသိသာသာ တရားဝင်ဝယ်ယူကိုင်ဆောင်သော လက်နက်များဖြင့် တိုက်ခိုက်မှုကျူးလွန်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ၄င်းကိုင်ဆောင်သောလက်နက်များတွင် စွမ်းအားပြည့် ရိုင်ဖယ်လက်နက်တစ်လက်လည်းပါဝင်သည်။ ၄င်းအား အကြမ်းဖက်လုပ်ရပ်နှင့် ဆက်သွယ်နိုင်သည့်ဖြစ်နိုင်ခြေများကို အက်ဖ်ဘီအိုင်က တွေ့ဆုံမေးမြန်းမှုပြုခဲ့သော်လည်း အက်ဖ်ဘီအိုင်သာမက အမေရိကန်ဖက်ဒရယ်ပြည်ထောင်စု အစိုးရအနေနှင့်ပါ မက်တင်း၏ လက်နက်ပိုင်ဆိုင်ဝယ်ယူခွင့်ကို တားဆီးရန်မသတ်သာပဲဖြစ်ခဲ့ရသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ ထိုသို့ပြုလုပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဆန့်ကျင်ရမည်ဖြစ်သောကြောင့်ဖြစ်သည်။

နှစ်ပေါင်းများစွာကြာအောင် လက်နက်ရာဇဝတ်မှုဆိုင်ရာများကို တားဆီးကာကွယ်မှုများပြုလုပ်ရာတွင် ပါဝင်ခဲ့သော အာကွီးဘက်စ်၏ဖြေရှင်းနည်းများမှ အရေးပါဆုံးအချက်မှာ အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်ဖြစ်ပေါ် တိုးတက်မှုများကို မျှဝေသည့်နည်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် အကြမ်းဖက်အဖွဲ့အစည်းများ၊ ဂိုဏ်းအဖွဲ့များနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ခြိမ်းခြောက်မှုများနှင့် အန္တရာယ်ဖြစ်နိုင်မှုများကို ခွဲခြားဖော်ထုတ်ပေးခြင်းပင်ဖြစ်သည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေးအဖွဲ့များအနေဖြင့်လည်း တရားမဝင်လက်နက်ကိုင်ဆောင်သူများသာမက ရောင်းချဖြန့်ဖြူးသူများအတွက်ပါ သင့်လျော်သော ဥပဒေပြဋ္ဌာန်းမှုများကိုလည်း ချမှတ်ပေးရမည်ဖြစ်သည်။ တရားမဝင် လက်နက်များကြောင့်ဖြစ်ပေါ်လာသော စိုးရိမ်ထိတ်လန့်ဖွယ်ရာများသည် အမျိုးမျိုးသော အကြောင်းခြင်းရာများကို ဖြစ်စေသည်။ ဥပမာ အကြမ်းဖက်တိုက်ခိုက်မှုများမှသည် ဥပဒေနှင့်ဆန့်ကျင်သော ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများအထိ ပါဝင်သည်။ ဥရောပ၏မှောင်ခိုလက်နက်ဈေးကွက်သည် တရားမဝင်လက်နက်ဖြန့်ဖြူးမှုကို သိသာစွာအကျိုးသက်ရောက်မှုဖြစ်စေသည်။



လက်နက်ရရှိ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဥရောပနှင့် အမေရိကန်ကြားသိသာစွာကွဲပြားမှုများရှိသော်လည်း ပြစ်မှုဆိုင်ရာအတွက်အသုံးပြုမည့် လက်နက်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို လျင်လျင်မြန်မြန်ရရှိရန်လိုအပ်ကြောင်း တွေ့ရသည်။ ယင်းအချက်အလက်များသည် နောက်ပိုင်းတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များသို့ရောက်ရှိရမည်ဖြစ်ပြီး ၄င်းတို့မှတစ်ဆင့် ပြစ်မှုများကို တားဆီးကာကွယ်နိုင်ရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် အလိုအလျောက် လက်နက်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ပေးသည့်စနစ်ဖြင့်လည်း အခင်းဖြစ်ပွားရာနေရာတွင်ရှိသော လက်နက်၊ ကျည်ဆန်၊ သို့မဟုတ် ကျည်ကတ်နှင့်ပတ်သက်ပြီး မည်သူ၏လက်နက်ဖြစ်သလဲဆိုသည်ကို သိနိုင်မည်ဖြစ်သလို လက်နက်တစ်လက်တည်းဖြင့်လည်း ပြစ်မှုမည်မျှပြုလုပ်ထားသလဲဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ ထိုသို့ ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် နောက်ဆုံးတွင် ပြစ်မှုကျူးလွန်သူလက်ထဲသို့ သေနတ်မည်သို့မည်ပုံရောက်ရှိလာသည်ကိုပါ သိရှိနိုင်မည်ဖြစ်သည်။ ပိုမိုကောင်းမွန်သောအချက်မှာ ပြစ်မှုကျူးလွန်သည့်လက်နက်သည် နောက်ဆုံးတွင် မည်သည့်နေရာမှဖြစ်သည်ကိုပါ အတိအကျသိနိုင်မည်ဖြစ်သည်။

ဤသို့ပြုလုပ်နိုင်ရေးကို ဒီအင်န်အေနှင့် လက်ဗွေစုံစမ်းဖော်ထုတ်ရေးတို့ကို အသုံးပြုသည့် မှုခင်းစုံစမ်းရေးမှ ကူညီရမည်ဖြစ်သည်။ ထို့ပြင် ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ၏သတင်းအချက်အလက်ဖလှယ်၍ အချင်းချင်း ပူးပေါင်းလုပ်ဆောင်ချက်များကလည်း နောက်ဆုံးတွင် ပြစ်မှုဆိုင်ရာ ချိတ်ဆက်မှုများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

မကြာသေးမီက ဥရောပသမဂ္ဂသည် အလိုအလျောက် လက်နက်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ပေးသည့်စနစ်ဖြစ်သည့် အီးအက်ဖ်အက်ဖ်အီးစီတီ (အဖက်တ်) ကို ဥရောပသမဂ္ဂနှင့် ဥရောပအရှေ့ပိုင်းတွင် တွင်ကျယ်စွာ အသုံးပြုနိုင်ခဲ့သည်။ ယင်းစနစ်ကြောင့် လက်နက်ဆိုင်ရာ ရှုပ်ထွေးမှုပြဿနာပေါင်း ၃ ဒသမ ၆ သန်းခန့်ကို ဖြေရှင်းပေးနိုင်ခဲ့သည်။

ယင်းစနစ်ကို လက်နက်ဆိုင်ရာ ရှုပ်ထွေးမှုဖြစ်လာနိုင်သည့် နိုင်ငံတစ်ခုချင်းစီတွင် အသုံးပြုရန် အီးယူအနေဖြင့်လည်း တွန်းအားပေးလျက်ရှိသည်။ ယင်းစနစ်သည် ဥရောပရဲအဖွဲ့၏ စွမ်းရည်များကို တိုးတက်လာစေရုံသာမက တရားမဝင်လက်နက်ဆိုင်ရာ ပြဿနာများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများကိုလည်း ထိန်းသိမ်းပေးနိုင်မည်ဖြစ်သည်။

ယခုအချိန်သည် အမေရိကန်ပြည်ထောင်စုအတွက် လက်နက်ထိန်းချုပ်ခြင်းသည် အကျိုးသက်ရောက်မှုရှိစေမည်လားဆိုသည့်မေးခွန်းကိုဖြေရန် စဉ်းစားရမည့်အချိန်ကျရောက်နေပြီဖြစ်သည်။ လက်နက်ပိုင်ဆိုင်ခွင့်ဥပဒေများကို တင်းကျပ်မည်လား၊ သို့မဟုတ် အလိုအလျောက်လက်နက်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ပေးသည့်စနစ်ဖြစ်သည့် အီးအက်ဖ်အက်ဖ်အီးစီတီ (အဖက်တ်) စနစ်ကိုအသုံးပြုမည်လား သို့မဟုတ် ဘေးအန္တရာယ်ကင်း၍လုံခြုံစိတ်ချသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးရင်း လက်နက်ပိုင်ဆိုင်မှုကို ခွင့်ပြုပေးမည်လားဆိုသည်မှာ... ... ...

(နယူးစ်ဝိခ်တွင် ဇွန် ၁၅၊ ၂၀၁၆ရက်စွဲဖြင့် ဖော်ပြထားသော Paul James\ Orlando Shooting ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။)

**ထို့ပြင် အလိုအလျောက် လက်နက်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ပေးသည့်စနစ်ဖြင့်လည်း အခင်းဖြစ်ပွားရာနေရာတွင်ရှိသော လက်နက်၊ ကျည်ဆန်၊ သို့မဟုတ် ကျည်ကတ်နှင့်ပတ်သက်ပြီး မည်သူ၏လက်နက်ဖြစ်သလဲဆိုသည်ကို သိနိုင်မည်ဖြစ်သလို လက်နက်တစ်လက်တည်းဖြင့်လည်း ပြစ်မှုမည်မျှပြုလုပ်ထားသလဲဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ ထိုသို့ ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် နောက်ဆုံးတွင် ပြစ်မှုကျူးလွန်သူလက်ထဲသို့ သေနတ်မည်သို့မည်ပုံရောက်ရှိလာသည်ကိုပါ သိရှိနိုင်မည်ဖြစ် . . .**

## ဆာဟာရသဲကန္တာရအတွင်း ပြောင်းရွှေ့သွားလာသူ ဒုက္ခသည် ၃၄ ဦး သေဆုံး

နိုင်ဂျာ ဇွန် ၁၇

အယ်ဂျီးရီးယားနယ်စပ်အနီး ဆာဟာရသဲကန္တာရ၌ ရွှေ့ပြောင်းအခြေချသူ ဒုက္ခသည် ၃၄ ဦး၏အလောင်းကို တွေ့ရှိခဲ့သည်။ ထိုအထဲမှ ၂၀ ခန့်မှာ ကလေးငယ်များဖြစ်သည်ဟု နိုင်ဂျာအစိုးရက ပြောသည်။ ယင်းအလောင်းများကို Assamakka သဲကန္တာရမြို့အနီး၌တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု အစိုးရက ထုတ်ပြန်ကြေညာသည်။ ၄င်းတို့သည် လူမှောင်ခိုသမားများ၏ စွန့်ပစ်ခြင်းကို ခံရပြီးနောက် ရေငတ်သေဆုံးခဲ့သည်ဟု ယူဆရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

နိုင်ဂျာသည် ရွှေ့ပြောင်းအခြေချနေထိုင်လိုသူများ ဖြတ်သန်းသွားရာလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။ သေဆုံးသူများထဲတွင် အရွယ်ရောက်ပြီးသူ အမျိုးသမီး ကိုးဦးနှင့် အမျိုးသား ငါးဦးပါဝင်သည်ဟု ၄င်းက ဆက်ပြောသည်။ ယင်းအုပ်စုသည် ဇွန် ၆ ရက်နှင့် ၁၂ ရက်ကြား သေဆုံးခဲ့သည်ဟူ၍လည်း ၄င်းကဆက်ပြောသည်။ သေဆုံးသူများအထဲမှ နှစ်ဦးကို နိုင်ဂျီးရီးယားကဟု သတ်မှတ်နိုင်ခဲ့သော်လည်း တခြားသေဆုံးသူများမှာ မည်သည့်နိုင်ငံကဖြစ်သည်ဆိုသည်ကိုမူ မသိရသေးပေ။

**(ဘီဘီစီ)**

# မကွေးနှင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာများတွင် သောက်သုံးရေကန်များ တူးဖော်ပေး

**နေပြည်တော် ဇွန် ၁၇**
နယ်စပ်ရေးရာဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်း တစ်ခုအပါအဝင် သောက်သုံးရေအခက်အခဲရှိသည့် ဒေသများတွင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ယင်းသောက်သုံးရေကန်များ ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးအသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်းဖြင့် ဇွန် ၁၅ ရက် ညနေပိုင်းက ရေချိုကန်များ တူးဖော်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က တာဝန်ရှိသူများနှင့်ဒေသခံများအား မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ်၊ လင်းတကိုင်းကျေးရွာ၊ တုံရွာကျေးရွာ၊ ငွေးပင်ကြီးကျေးရွာ၊ ငွေးပင်လေးကျေးရွာနှင့် ညောင်ကျပွင်ကျေးရွာများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်ပြီးစီးခဲ့သည့် ရေချိုသောက်သုံးရေကန်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာများဖြစ်သော ကလိန်ချေကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ ကျီပင်ခွကျေးရွာများ၌ ရေကန်များအသစ်တူးဖော်ခြင်းနှင့် ပြင်ဆင်တူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံနယ်စပ်ဒေသ တစ်လျှောက်ရှိ စုစုပေါင်း မြို့နယ် ၁၀၃ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ သောက်သုံးရေကန်များ တူးဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့် အိမ်ခြေ ၉၅၇ ခု၊ အိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၃၅၈၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ သောက်သုံးရေကန်များ တူးဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့်အိမ်ခြေ ၄၁၁ ခု၊ အိမ်ထောင်စု ၄၂၀ စု၊ လူဦးရေ ၁၇၆၂ ဦးတို့မှာ ရေချို သောက်သုံးရေများကြိုတင်စုဆောင်း၍ ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တောင်ဘွေတံတားနိမ့်ကျသွား၍ ခရီးသွားပြည်သူများသွားလာရေးခက်ခဲ

**ပန်းတောင်း ဇွန် ၁၇**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် တောင်ဘွေအုပ်စု မိုင်တိုင်အမှတ် ၁၅ မိုင် ၁ ဖာလုံနှင့် ၃ ဖာလုံကြား တောင်ဘွေတံတားသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၁၅ ရက် ညနေ ၃ နာရီတွင် တံတားအောက်တိုင် နိမ့်ဆင်းသွားသောကြောင့် တောင်ဘွေတံတားကို ခေတ္တယာယီပိတ်ထားပြီး ခရီးသွားပြည်သူများအား ဇွန် ၁၅ ရက် ညနေပိုင်းနှင့် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သဲကောချောင်း ဖြတ်ကူးရာတွင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

တံတားအမြန်ပြီးမြောက်ရေးအတွက် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်ခရိုင်ရဲမှူးကြီးနှင့်ပန်းတောင်းမြို့နယ်အတွင်းတာဝန်ရှိသူများက အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်းလိုင်စင်များထုတ်ပေး

**ပြည် ဇွန် ၁၇**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်ရုံမှူး ဦးသက်ဦးနှင့်အဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက အမှတ်-၁၉၁(က) ကမ်းနားလမ်း ဆင်စုရပ်ကွက် ပြည်မြို့ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံ(သယ်/ပို့)ရုံးတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများကို လက်လီဖြန့်ဖြူးရောင်းချနေသော အရောင်းဆိုင်လုပ်ငန်းရှင် ၁၄ ဦးသို့ ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများအကြောင်းနှင့် လိုင်စင်အမျိုးအစားအများအကြောင်းကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီးနောက် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း-လိုင်စင်(ဃ)ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း-လိုင်စင်(င)ယာယီလိုင်စင်များအား တိုက်ရိုက်အခမဲ့ ထုတ်ပေးကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## တောင်ငူမြို့ သာသနာ့ဗိမာန်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့်ရေမြောင်းများတူးဖော်

**တောင်ငူ ဇွန် ၁၇**
ရန်ကုန်-မန္တလေးကားလမ်းဘေး တောင်ငူမြို့ရှိသာသနာ့ဗိမာန်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို ဇွန် ၁၇ ရက်နံနက်ပိုင်းက တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများစုပေါင်းဆောင်ရွက်ကြသည်။ စုပေါင်းသန့်ရှင်းရေးပွဲတွင် စုစုပေါင်းလူအင်အား ၁၀၀ ကျော်ပါဝင်ကြပြီး မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် အင်ဂျင်နီယာမှူး ဦးဆန်းလင်းတို့က ပါဝင်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## ကမ်းပြိုသည့်နေအိမ်များအားမြေနေရာချထားပေးရေး ကွင်းဆင်းဆောင်ရွက်

**မအူပင် ဇွန် ၁၇**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျွဲဒုံးကျေးရွာအုပ်စု ကျွဲသောင်ကျေးရွာတွင် မြစ်ရေတိုက်စားပြီး သဘာဝဘေးအန္တရာယ်ကြောင့် ကမ်းများပြိုပြီးလူနေအိမ်များပျက်စီးဆုံးရှုံးရသဖြင့် မြေနေရာပြန်လည်ချထားပေးရန် မြေနေရာရှာဖွေကြည့်ရှုခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ တိုင်းဒေသကြီး (၂)လွှတ်တော်ကိုယ်စားလှယ် ဦးသက်ကိုလေးနှင့် တာဝန်ရှိသူများသည် ကျွဲသောင်ကျေးရွာရှိ ပြည်သူများနှင့်တွေ့ဆုံ၍ မြေနေရာပြန်လည်ချထားပေးရန် ဆွေးနွေးပြီး သောင်ထွန်းမြေနှင့် မြေလွတ်မြေရိုင်းနေရာများအား အိမ်ခြေ ၃၃ လုံးအတွက် နေရာသစ်ပြန်လည်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင် (ပြန်/ဆက်)**


### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9E/7506 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကချင်ပြည်နယ်၊ရွှေကူမြို့၊(၄)ရပ်ကွက်၊ ဘောဂဗလရပ်နေ ဦးယောဟန် ၁/ရကန(နိုင်)၀၀၃၃၆၆၏သား မောင်မရုန်ဂွမ်ပန်း(ခ)မောင်ဂွန်းပါ ၁/ရကန(နိုင်)၀၆၀၀၃၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်မရုန်ဂွမ်ပန်း(ခ)မောင်ဂွန်းပါ

### ဖခင်အမည်မှန်
မိုးညှင်းမြို့နယ် (မူလွန်) နန့်ပုတ်ကျောင်း သတ္တမတန်းမှ မဇင်မာအောင်နှင့် ဆဋ္ဌမတန်းမှ မပိုပိုအောင်တို့၏ ဖခင်အမည်မှန်မှာဦးညီညီလွင် ၁/မညန(နိုင်)၁၀၄၀၃၅ ဖြစ်ပါကြောင်း။
ဦးညီညီလွင်

### ဖခင်အမည်မှန်
မိုးညှင်းမြို့နယ်(မူလွန်) နန့်ပုတ်ကျောင်း သတ္တမတန်းမှ မခင်ဆွေလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြည် ၉/ကဆန(နိုင်)၁၃၇၅၄၆ ဖြစ်ပါကြောင်း။
ဦးမြင့်ကြည်

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5F/2699 Toyota Belta KSP 92 SL (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာ မြတ်နိုင်ထွန်း ၉/မရမ(နိုင်)၀၀၁၅၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

### အခမဲ့ကုပေးမည်
ဆေးမတိုး/ကုမရ ရောဂါဆိုးနေလျှင်
ဖုန်း-09 261186511 ကို အမြန်ဆက်သွယ်ပါ။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကချင်ပြည်နယ်၊ရွှေကူမြို့နယ်၊တောပုန်းကျေးရွာအုပ်စု၊ ရွှေဂဲကုန်းရပ်နေ ဦးကျော်အောင် ၁/ရကန(နိုင်)၀၁၂၀၈၁ ၏သမီး မခင်သီတာအောင် (ခ) မသီတာအောင် ၁/ရကန(နိုင်)၀၅၁၈၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မခင်သီတာအောင်(ခ)မသီတာအောင်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8B/8185, Royal Cherry RCJ002 Jeep (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်းသန်း ၉/မနမ(နိုင်)၁၂၁၄၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၁၁ဃ/၉၆၃၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရန်တွမ်မျှင် MGK ၀၉၁၀၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 4F/8349 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 3F/1100 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မနန်းပိုပိုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၉/မခန(နိုင်)၁၇၂၈၈၄ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3F/2539, MAZDA BONGO SK 82T, P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၁၂/ကမတ(နိုင်)၀၅၁၂၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ဃ/၉၅၅၉၂ HENSIM-110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြိုင် ၉/မရမ(နိုင်)၀၆၇၇၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 5F/9657 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၁ဃ/၂၆၄၉၁၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစိုး ၉/တတဉ(နိုင်)၀၀၀၀၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၃၆၁၉၀၊ HONDA Go Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီဝင်း ၉/မဟမ(နိုင်)၀၁၈၃၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၃၀ဃ/၃၅၇၄ Zong Shen 110 ယာဉ်အမည်ပေါက်သူ ဦးနိုင်ဦး ၉/ဝတန(နိုင်)၁၆၂၇၆၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

# အမြန်လမ်းမကြီးပေါ် ခရီးသည်တင်ယာဉ် တိမ်းမှောက်



**နေပြည်တော် ဇွန် ၁၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၅/၇)နှင့်(၁၆/၀) ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် နံနက် ၃ နာရီ မိနစ် ၂၀ က နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မျိုးသန့် (၄၁ နှစ်) သမိန်ဗရမ်းလမ်း ဗမာအေး ရပ်ကွက် ဒေါပုံမြို့နေသူ မောင်းနှင်လာသော 9H/---- အောင်ရတနာ ခရီးသည်တင် မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားလမ်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ယာဉ်ပေါ်၌ ယာဉ်မောင်းပါ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၅ ဦးအနက် အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၃ ဦး ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးမှုမရှိကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် အောင်ရတနာခရီးသည်တင်ယာဉ်မှာ ပျက်စီးခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ အမှတ် (၃)လမ်းဆုံ အမြန်လမ်းမကြီး ရဲစခန်းမှူး ဒုရဲမှူး ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး တာဝန်ရှိသူများ ရောက်ရှိလာကာ တပ်ဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် ဒဏ်ရာရရှိသူများအား လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးပြီး ယာဉ်လမ်းကြောင်း မပိတ်ဆို့စေရေးအတွက် ယာဉ်ကြောရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား တာဝန်ရှိသူများက အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ နော်ထွယ် မောင်းနှင်ပြီး မဂျာရာ လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် ကသာ- အင်းတော်သွားကားလမ်း လမ်းခွကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးစခန်း၌ ဆန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၈ ခွက် (အလေးချိန် ၀ ဒသမ ၂၁၃ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အရက်မူးနေသူက မူကြိုကျောင်းတာဝန်ခံအား ရန်ပြု

**တာချီလိတ် ဇွန် ၁၇**

တာချီလိတ်မြို့ တာလေ့ရပ်ကွက် ကိုယ့်အားကိုယ်ကိုး တာလေ့မူကြိုကျောင်းဝင်း၌ တာဝန် ထမ်းဆောင်နေသည့် မူကြိုဆရာမအား အရက်မူးနေသူက လည်ပင်းညှစ်ကာ ဝက်အူလှည့်ဖြင့်ထိုးသည့် ဖြစ်စဉ် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

တာလေ့ရပ်ကွက် ကိုယ့်အားကိုယ်ကိုး တာလေ့မူကြိုကျောင်းဝင်း၌ ကျောင်းတာဝန်ခံ ဆရာမ ဒေါ်လောယို၊ ဆရာမ ဒေါ်ဇင်ဇင်ဗိုလ်၊ အကူဆရာမ ဒေါ်သင်းသင်းဦး၊ မသင်းသင်းခိုင်တို့ လေးဦးသည် ကလေးများအိပ်ခန်းသွင်းချိန်တွင် အောင်ခိုင်ဖြိုးသည် အရက်သေစာသောက်စား၍ လက်နှစ်ဖက်တွင် သံကြိုးများပတ်ပြီး ညာလက်တွင် ဝက်အူလှည့် အချွန်နှင့် ဘယ်လက်တွင် ဖန်ခွက်အချွန်ကိုင်ကာ ကျောင်းတာဝန်ခံဆရာမ ဒေါ်လောယိုအား လည်ပင်းညှစ်၍ ဝက်အူလှည့် ဖြင့်ထိုးရာ တာဝန်ခံဆရာမတွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်ခိုင်ဖြိုး(၂၆ နှစ်) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လမ်းချိုင့်ရှောင်ရင်း ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား



**အုတ်တွင်း ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု မော်ရောတံတား အနီး ရန်ကုန်-မန္တလေးကားလမ်း၌ ဇွန် ၁၇ ရက် နံနက် ၅ နာရီခွဲက လမ်းချိုင့်ရှောင်ရင်း ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ဆရာတော် ဦးကုသလ (၄၆ နှစ်) ဝါတော်(၂၃)ဝါ ဘုရားလေးကျေးရွာကျောင်းတိုက်နေသူ မောင်းနှင်လာသော 3E/---- ယာဉ်သည် လမ်းပေါ်ရှိ မြောင်းချိုင့်များကို ရှောင်တိမ်းရင်း တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်ဘက်မှ မျိုးမြင့်(၅၄ နှစ်) ကျောက်ဆည်မြို့နေသူ မောင်းနှင်လာသည့် 3C/---- ၁၂ ဘီး ကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ **(ဓါပုံ)**

ယာဉ်တိုက်မှုကြောင့် ဆရာတော်မှာ ရရှိသောဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့ပြီး အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုင်းပျဉ်းမြို့နယ်၌ ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ



**မိုင်းပျဉ်း ဇွန် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ အနောက်ဘက် ငါးမိုင်ခန့်အကွာ ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၃၂၆/၆ နှင့် ၃၂၆/၇ ကြား၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဗွီဂိုယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ ယာဉ်မောင်း အောင်ကျော်စိုး (၄၂ နှစ်) သာစည်မြို့နေသူ မောင်းနှင်ပြီး ဇော်မင်းလေး(၄၅ နှစ်) သာစည်မြို့နေသူ လိုက်ပါလာသည့် ဗွီဂို 4K / ---- ယာဉ်သည် မိုင်းပျဉ်းမြို့ အနောက်ဘက် ငါးမိုင်အကွာ လမ်းကွေ့၌ အရှိန်မထိန်းနိုင်ဘဲ ပေ ၈၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာများ ရရှိသဖြင့် မိုင်းပျဉ်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်ကာ လိုအပ်သည်များ ကူညီခဲ့ကြသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ကျော်စိုးအား မိုင်းပျဉ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကျက်သရေဆောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ၍ ထီးတော်အသစ် တင်လှူမည်ဖြစ်ပါသဖြင့် စေတီတော်ကြီး ရွှေမိုက်ထုတ်ယူခြင်းလုပ်ငန်းကို တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၂။ (က) **တင်ဒါပုံစံနှင့် စည်းကမ်းရောင်းရက်** - ၁-၇-၂၀၁၆ ရက်(သောကြာနေ့)မှ ၅-၇-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀နာရီထိ

(ခ) **တင်ဒါတင်သွင်းရက်** - ၅-၇-၂၀၁၆ ရက် (အင်္ဂါနေ့)မှ ၆-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)ထိ ရုံးချိန်အတွင်း

(ဂ) **တင်ဒါဖွင့်ရက်** - ၇-၇-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ

၂။ အထက်ပါလုပ်ငန်းအား စိတ်ဝင်စားသောလုပ်ငန်းရှင်များ အနေဖြင့် အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရွှေမိုက်တင်ဒါခေါ်ယူရေးကော်မတီ**
**ဆုတောင်းပြည့်ဂေါပကအဖွဲ့**
**ဖုန်း-၀၉-၃၃၂၀၅၇၀၀၊ ၀၇၁-၂၁၃၁၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် အသုံးပြုရန်အတွက် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသည်-

(က) **ရုံးအသုံးအဆောင်နှင့် ရုံးသုံးစက်ကိရိယာများ** (၃)မျိုး
**(Printer, Fax Machine, Scanner)**

၂။ အဆိုပါအိတ်ဖွင့်ဈေးနှုန်းလွှာများကို ၂၀-၆-၂၀၁၆ ရက်မှစတင်ရောင်းချပြီး ၂၀-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ တက္ကသိုလ်များဗဟိုစာကြည့်တိုက် အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ အရောက်ပေးပို့တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို တက္ကသိုလ်များဗဟိုစာကြည့်တိုက် ဖုန်း-၀၁-၅၃၅၈၄၇၊ ၀၁-၅၃၄၉၇၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**
**တက္ကသိုလ်များဗဟိုစာကြည့်တိုက်**

## ဝိဇ္ဇာတပူဇာ မွေးနေ့အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ၊ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိ သာသနဟိတရေ၊ ပြည်တွင်းပြည်ပသာသနာပြု Dr. of Tripitaka(India), Ph.D(Philosophy-Italy) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ ကျေးဇူးတော်ရှင် ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီး၏ သက်တော်(၇၂)နှစ်ပြည့်နေ့တွင် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ကို အာရုံပြုကြည်ညိုလျက် နှစ်ဖက်သောမိဘတို့အား အမှူးထား၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၉ မိုင်၊ မစိုးရိမ်ကျောင်းလမ်းနေ အလှူ့ဒါယကာ ဦးထွန်းထွန်းနိုင်၊ အလှူ့ဒါယိကာမ ဒေါ်ယဉ်မင်းဦး၊ သမီးကြီး မမြတ်မြင့်သူနိုင်၊ သမီးငယ် မမြတ်ဖူးပွင့်ခင် (Blue Ocean Operating Management-Call Center)မိသားစုတို့မှ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဝိဇ္ဇာတပူဇာမွေးနေ့အလှူတော်မင်္ဂလာကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကျွန်တော်ကျွန်မတို့ ကျွေးမွေးဧည့်ခံသည့် အာဟာရတို့ကိုသုံးဆောင်ပြီး ထပ်တူကြည်ညိုသဒ္ဓါပွားနိုင်ရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်(၂၀-၆-၂၀၁၆)၊ တနင်္လာနေ့
**တရားနာချိန်** - နံနက် ၉း၀၀ နာရီ
**ကျွေးမွေးဧည့်ခံချိန်** - နံနက် ၁၀း၃၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
**နေရာ** - အောင်မြေဗောဓိမဏ္ဍပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဖိတ်ကြားသူ**
**ဦးထွန်းထွန်းနိုင်-ဒေါ်ယဉ်မင်းဦး**
**သမီးကြီး-မမြတ်မြင့်သူနိုင်၊ သမီးငယ်-မမြတ်ဖူးပွင့်ခင်**
(Blue Ocean Operating Management-Call Center)**မိသားစု**

## ဖခင်အမည်မှန်

ကျောက်တန်း အထက(၂)(သော်ကကျောင်း) အဌမတန်း(က)မှ မောင်နေခြည်ဦး (၂၃၅/၁၅)၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ၁၂/ကတန(နိုင်)၁၀၆၅၇၃ ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်ဦး**

## ဖခင်အမည်မှန်

ကျောက်တန်း အထက(၂)(သော်ကကျောင်း)တက္ကသိုလ်ဝင်တန်း(ဂ)မှမမီမီသော် (၁၃၄/၁၁)၏ ဖခင်အမည်မှန်မှာ ဦးသော်ဇေယျာထွဋ် (EIDGN MTL ၀၀၀၇၁၉) ဖြစ်ပါကြောင်း။ **ဦးသော်ဇေယျာထွဋ်**

## အမည်မှန်

ကျောက်တန်း အထက(၂) (သော်ကကျောင်း) အဌမတန်း (ဂ)မှ မအိမြတ်ရွှေဇင်ဝင်း (၃၆၁/၁၆) ၏ အမည်မှန်မှာ မအိမြတ်ဆွေဇင်ဝင်းဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးရဲကျော်ဝင်း ၁၂/ကတန(နိုင်) ၀၈၆၃၈၂ ဖြစ်ပါကြောင်း။

## ပြောင်းလဲခေါ်ပါရန်

အထက (၂) အင်းစိန် အဌမတန်း (G)မှ ဦးစိုးအောင် ၁၂/အစန(နိုင်) ၀၀၀၄၈၇၏သား မောင်ကောင်းပြည့်သူအား မောင်သော်စစ်လင်းဟုပြောင်းလဲခေါ်ပါရန်။

၁၉၉၉ ခုနှစ်မှစ၍ အရည်အချင်းပြည့်မီသော သင်တန်းဆရာများဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းကျောင်းဖြစ်ပါသည်။
SH မြင့်သူထက် YU
စစ်တက္ကသိုလ် စစ်ဆေး
DSA, DSTA, DSMA
စစ်နည်းပညာ
အင်္ဂလိပ်စာ ➤ SH. မြင့်သူထက် .YU
သင်္ချာ ➤ ဦးတိုး‌အောင် ပါမောက္ခ (ငြိမ်း)
ဓါတု ➤ Dr.မင်းအောင်၊ ဒေါ်ခင်စုသာ ကထိက(ငြိမ်း)
OTT အထူး
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၁၃၇၀၄၀၀၅

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဦးအောင်ဆွေဦး+ဒေါ်ခင်ခင်ဝင်း တို့၏သမီး ခြောက်ဘာသာဂုဏ်ထူးရှင် အထက (၂) ဗဟန်း၊ (နန်ယန်)ကျောင်းမှ တူမလေး မအိနေခြည်အောင် ခုံအမှတ် ဆဗဟ(၄၃၂) မြန်မာတစ်နိုင်ငံလုံး စတုတ္ထအမှတ်အများဆုံး (၅၅၈) မှတ်ဖြင့် အောင်မြင်ခဲ့ခြင်းအတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဦးကျော်ကျော်+ဒေါ်သင်းသင်းယု**
**သမီး - ဒေါက်တာမေဇင်ဦး**
**သင်းသင်းငွေချေးလုပ်ငန်း**
**(ဒဂုံမြို့သစ်တောင်ပိုင်း)**

❍ ကျောဖုံးမှ

ပြိုင်ပွဲပြီးဆုံးရန် ကိုးပွဲစီကစားရန် ကျန်ရှိနေသေးသော်လည်း လက်ရှိအမှတ်ပေးဇယားရပ်တည်မှုအရ ရတနာပုံအသင်းသည် ၁၃ မှတ်အသာဖြင့် ဦးဆောင်နေပြီး ချန်ပီယံပြန်ဖြစ်ရန် အကောင်းဆုံးအနေအထားဖြစ်နေသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် နိုင်ပွဲဆက်နေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အမာခံကစားသမားအချို့ ပွဲပယ်ခံထားရသောကြောင့် အိမ်ကွင်းဖြစ်သော်လည်း ရှုန်းကန်ရဖွယ်ရှိနေသည်။ ဒုတိယအကျော့ပွဲစဉ်များတွင် နှစ်ပွဲဆက်အနိုင်ရထားသည့် ဇေယျာရွှေမြေနှင့် Southern အသင်းတို့ပွဲသည် အကြိတ်အနယ် ရှိလာနိုင်သလို ဟံသာဝတီ-ဧရာဝတီ၊ ချင်း-မကွေး ပွဲစဉ်များသည်လည်း ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်သည်။

**ရန်ကုန်-ရှမ်းယူနိုက်တက်**

ချန်ပီယံဆုအတွက် အဓိကပြိုင်ဘက် ရတနာပုံအသင်းကို အိမ်ကွင်းတွင် အရှုံးပေးခဲ့ရသည့် ရန်ကုန်အသင်းသည် ပွဲကျပ်များဆက်တိုက် ကစားနေရခြင်းဖြစ်ပြီး ယခုတစ်ပတ်တွင် ရှမ်းအသင်းနှင့် တွေ့ဆုံနေသောကြောင့် အခက်တွေ့ဖွယ် ရှိနေသည်။ ရှမ်းအသင်းသည် ပထမအကျော့တွင် ရလဒ်များဆိုးရွားခဲ့သော်လည်း ဒုတိယအကျော့ နှစ်ပွဲဆက်တိုက် အနိုင်ရထားပြီး ခြေစွမ်းပိုင်း တိုးတက်မှုရှိလာသည့်အသင်းဖြစ်သည်။ ယခုပွဲတွင် ရန်ကုန်အသင်းမှ ကြည်လင်းနှင့် ရန်အောင်ကျော်၊ ရှမ်းအသင်းမှ စိုးမင်းဦးတို့မှာ ပွဲပယ်ပြစ်ဒဏ်များကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။ ရန်ကုန်အသင်းအနေဖြင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ရလဒ်ကောင်းရရှိရန် ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်ရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် သုံးပွဲဆက် နိုင်ပွဲရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**

# အိမ်ရှင်အမေရိကန်တို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်အမေရိကန်နှင့် အီကွေဒေါတို့ ဇွန် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အမေရိကန်က ၄-၃-၃ ကစားကွက်ဖြင့်လည်းကောင်း၊ အီကွေဒေါသည် ၄-၂-၃-၁ ကစားကွက်ဖြင့်လည်းကောင်း ပွဲထွက်လာသည်။ ပွဲချိန် ၂၂ မိနစ်တွင် ဂျာမိန်းဂျုံးနက်စ် ဖြတ်တင်ဘောကို ကလင့်ဒမ်ဆေး ခေါင်းတိုက်သွင်းယူခဲ့၍ အမေရိကန်တို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ **(အောက်ပုံ)** ဒုတိယပိုင်း ပွဲချိန် ၅၂ မိနစ်တွင် အမေရိကန်မှ ဂျာမိန်းဂျုံးနက်စ်ကို တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့ပြီး အီကွေဒေါမှ အန်တိုနီအိုဗလင်စီယာကို နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် ဒမ်ဆေး ဖန်တီးပေး၍ တိုက်စစ်မှူးဇာဒက်စ်က အမေရိကန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ အီကွေဒေါအတွက် တစ်လုံးတည်းသော ချေပဂိုးကို တိုက်စစ်မှူး အာရီးယိုက ပွဲချိန် ၇၄ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အမေရိကန်က ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်ရရှိကာ လေးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အီကွေဒေါမှာ ၁၃ ကြိမ်ရရှိခဲ့ပြီး သုံးကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

အမေရိကန်သည် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်မည့် အာဂျင်တီးနားနှင့် ဗင်နီဇွဲလားပွဲမှ အနိုင်ရရှိသည့် အသင်းနှင့်တွေ့ဆုံမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇွန် ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**




# မြန်မာအမျိုးသမီးကိုယ်ခံပညာရှင်တစ်ဦး ဂျပန်သို့ တစ်နှစ်စာချုပ်ဖြင့် သွားရောက်ကစားမည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ဦးဆောင်စီစဉ်မှုဖြင့် ဂျပန်နိုင်ငံအမျိုးသမီးကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲအတွက် သင်တန်းတက်ရန်နှင့် ပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ကရာတေးနှင့် မြန်မာ့ရိုးရာ လက်ဝှေ့ကစားသမား မနန်းခင်စိုးအား ဂျပန်နိုင်ငံသို့ တစ်နှစ်စာချုပ်ဖြင့် သွားရောက်ကစားရန် နှစ်ဖက်သဘောတူညီမှုကို ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့ရုံ အားကစားခန်းမ၌ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရိုးရာလက်ဝှေ့ ကစားသမား မနန်းခင်စိုးသည် ဂျပန်နိုင်ငံ အမျိုးသမီးကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲ Sei Za မှ ပရိုဂျူဆာ မစ္စတာယာမာဂူချီနှင့် မစ္စတာနာကာမူရသည် ယင်းနေ့ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပွဲတွင် Sei Za နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တက်ရောက်သည့် အမှုဆောင်များအား အသေးစိတ်ရှင်းပြခဲ့သည်။

ယင်းနောက် မြန်မာအမျိုးသမီးကိုယ်ခံပညာရှင် မနန်းခင်စိုးအား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူသည့် စာချုပ်အား မစ္စတာ ယာမာဂူချီက မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အားကစားသမား မနန်းခင်စိုးတို့သို့ ပေးအပ်ခဲ့သည်။ မနန်းခင်စိုးသည် ကရာတေးတွင် နှစ်ဒန်ရရှိထားပြီး မြန်မာ့ရိုးရာလက်ဝှေ့နှင့် မွေ့ထိုင်းတို့တွင် ပဏာမ အမျိုးသမီးလက်ရွေးစင်အထိ ကစားခဲ့ဖူးသူဖြစ်သည်။ တစ်နှစ်စာချုပ်ဖြင့် ဂျပန်တွင် နေထိုင်စဉ်အတွင်း ဂျပန်ရိုးရာ ကိုယ်ခံပညာဖြစ်သော ဘူဒိုကို သင်ယူရမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်ကို ဂျပန်နိုင်ငံမှ ကျခံမည့်အပြင် လစာငွေလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

စာချုပ်ချုပ်ဆိုပွဲတွင် ပွဲစီစဉ်သူ ဦးဝဏ္ဏ(မာဂျေ)က ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည့် အိုလံပစ်နေ့ အထိမ်းအမှတ် မျိုးဆက်သစ်ပွဲ၌ ယခင်ပွဲများနှင့်မတူ တစ်မူထူးခြားစွာဖြင့် အလုမယ် မော်ဒယ်လ်များ Round လှည့်လည်မှုများကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပြောသည်။




**ဂျပန်နိုင်ငံသို့ တစ်နှစ်စာချုပ်ဖြင့် သွားရောက်ကစားမည့် မနန်းခင်စိုး**

**သတင်း**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးမခ**

# ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ အုပ်စု (င) မှ အီတလီတို့ နိုင်ပွဲဆက်

ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ အုပ်စု (င)ပြိုင်ပွဲဖြစ်သည့် အီတလီနှင့် ဆွီဒင်တို့ ဇွန် ၁၇ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင် ကစားရာ အီတလီတို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆွီဒင်တို့က ပထမပွဲတွင် သရေကျထား၍ ယခုပွဲ အနိုင်ရမှသာ အုပ်စုမှတက်နိုင်မည်ဖြစ်၍ အီတလီကို ဖိအားပေးကစားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ပွဲချိန် ၈၈ မိနစ်ရောက်မှသာ အီတလီ တိုက်စစ်မှူး အီဒါက အနိုင်ဂိုးသွင်းယူခဲ့သည်။ အုပ်စု (င) တွင် အီတလီက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် သေချာနေပြီး ဆွီဒင်က နှစ်ပွဲကစား တစ်မှတ်၊ အိုင်ယာလန်က တစ်ပွဲကစား တစ်မှတ်၊ ဘယ်လ်ဂျီယံက တစ်ပွဲကစား အမှတ်မရသေးပေ။

ဇွန် ၁၇ ရက် နံနက် ၁ နာရီခွဲက အုပ်စု(ဂ)မှ ဂျာမနီနှင့် ပိုလန်တို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ယင်းအုပ်စု၌ နှစ်ပွဲစီကစားအပြီးတွင် ဂျာမနီနှင့် ပိုလန်က လေးမှတ်၊ မြောက်အိုင်ယာလန်က သုံးမှတ်၊ ယူကရိန်းက အမှတ်မရသေးပေ။

■ **သီဟ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ထားဝယ်တက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ပါပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ **စက်ပစ္စည်းများ**
(1) EDI Secure® XID 8100 Professional Retransfer Card Printer. XID 8100 Germany Branded Color Printing Speed 105 Cards/hour — 1 No

၂။ **ရုံးသုံးစက်ပစ္စည်းများ**
(1) Duplo Printer (A3) — 2 Nos

၃။ **ပရိဘောဂပစ္စည်းများ**

| | | |
|---|---|---|
| (1) | Combined Desk (with iron frame) | 200 Nos |
| (2) | Lecturer Stand (2'x1.5'x4') | 50 Nos |
| (3) | Single Bed-Stead (iron) | 150 Nos |
| (4) | Table (3'x2'x2.5') | 150 Nos |
| (5) | Armless Chair (5 Plywood) | 250 Nos |
| (6) | Cup Board (3'x6') | 100 Nos |
| (7) | Dining Table (6'x3') with wood | 45 Nos |
| (8) | Practical Table (8'x4'x3') | 50 Nos |
| (9) | Stool (with iron frame) | 300 Nos |
| (10) | Officer Table (6'x4'x2'6") | 10 Nos |
| (11) | Officer Table (5'x3'x2.5") | 40 Nos |
| (12) | Armed Chair (Cane) | 50 Nos |
| (13) | Settee (Sofa) | 10 Nos |

၄။ လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus, Chemical) — 1 Lot
၅။ Educational Books — 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ဌာနနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ဌာနမှာ ထားဝယ်တက္ကသိုလ် ဘဏ္ဍာရေးဌာနဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ထားဝယ်တက္ကသိုလ် ဖုန်း- ၀၅၉-၂၂၀၇၄၊ ၀၅၉-၂၂၂၃၆၊ ၀၅၉-၂၂၄၄၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ထားဝယ်တက္ကသိုလ်ပစ္စည်းဝယ်ယူရေးကော်မတီ**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)**
**လှိုင်ကော်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)အောက်ရှိ လှိုင်ကော်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(၁) ဓာတ်ခွဲခန်းသုံးပစ္စည်းများ — ၂၄ မျိုး
(၂) အားကစားပစ္စည်းများ — ၆ မျိုး
(၃) စက်နှင့်စက်ပစ္စည်း — ၁ မျိုး
(၄) ရုံးအသုံးအဆောင်ပစ္စည်း — ၁ မျိုး
(၅) ပရိဘောဂပစ္စည်း — ၇ မျိုး
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက် (တနင်္လာနေ့) တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ လှိုင်ကော်တက္ကသိုလ်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၈၃-၂၃၀၉၄၊ ၀၉-၄၁၀၀၇၈၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ မော်လမြိုင်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် မော်လမြိုင်တက္ကသိုလ် ငွေစာရင်းဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ် ကျသင့်ငွေပေးသွင်း၍ ၂၀-၆-၂၀၁၆ ရက်(တနင်္လာနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်။
၁။ စက်ပစ္စည်းများ
၂။ ရုံးသုံးစက်ပစ္စည်းများ
၃။ ပရိဘောဂပစ္စည်းများ
၄။ Educational Books
၅။ လက်တွေ့ခန်းသုံးပစ္စည်းများ(Apparatus)
၆။ လက်တွေ့ခန်းသုံးပစ္စည်းများ(Glassware)
၇။ လက်တွေ့ခန်းသုံးပစ္စည်းများ(Chemical)
၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ၁၆း၃၀ နာရီ ဖြစ်ပြီး မော်လမြိုင်တက္ကသိုလ် အင်ဂျင်နီယာဌာနရုံးခန်းသို့ နမူနာပစ္စည်း(သို့) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်း ရပါမည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မော်လမြိုင်တက္ကသိုလ် ရုံးဖုန်း-၀၅၇-၂၄၆၃၀သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါခေါ်ယူရေးကော်မတီ**
**မော်လမြိုင်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် e-Government လုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများနှင့် စနစ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Hardware Firewall | ၁ |
| (ခ) | Finger Print Attendance System | ၁ |
| (ဂ) | Website Upgrading | ၁ |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၀နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ Tender Specification များသို့ e-Government Section၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ ထို့အပြင် ဝန်ကြီးဌာန၏ Website ဖြစ်သော www.mail.gov.mm နှင့် Facebook Page ဖြစ်သော www.facebook.com/mlfrd တို့တွင် Download ရယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၂၀၇၅၈၈၅၅နှင့် ၀၆၇-၄၀၈၁၅၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်**

## ငှားမည်

- (၂၅ ×၆၀)ပေ မြေညီ+ထပ်ခိုးတစ်ဝက် ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ် (၁၇×၇၂) ပေ မြေညီ၊ ဈေးလမ်း၊ ဦးဝိစာရအနီး၊ စမ်းချောင်းမြို့နယ်
- (၂၅×၆၀) ပေ၊ မြေညီ+ထပ်ခိုး၊ ၅၁ လမ်း၊ မဟာဗန္ဓုလ၊ ဂုတ်

**ဆက်သွယ်ရန်၊ ရုံးချိန်အတွင်း**
**ဖုန်း-၀၉-၂၆၃၃၅၅၉၈၅၊ ၀၉-၇၇၇၈၂၈၇၇၇၊ ၀၉-၇၃၀၉၉၈၂၅**
**အကျိုးဆောင်ခ တစ်ဝက်ပေးမည်။**

## အမည်မှန်

မင်းပြား (အထက) အဋ္ဌမတန်းမှ ဦးချမ်းသာဖြူ၏သား ဝေလင်း(ခ) ချမ်းလင်းထက်၏ အမည်မှန်မှာ ချမ်းလင်းကျော်ဖြစ်ပါကြောင်း။

**ချမ်းလင်းကျော်**

## အမည်ပြောင်း

ဦးမောင်မြင့်ထွန်း၏သမီး၊ ပုဏ္ဏားကျွန်းမြို့၊ မူလွန်(မြို့သစ်)ကျောင်း၊ အဋ္ဌမတန်းမှ မသန္တာအောင်အား မခိုင်သန္တာဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်သန္တာဟိန်း**

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၈၃၉၃ ရွှေသမင်သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ သင်ပုန်းတန်းကျေးရွာနေ ဦးထွန်းလှစိန် ၁၁/စတန(နိုင်)၀၄၇၈၂၉ က (ကမ-၃)ပျောက်ဆုံးကြောင်းလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက် ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## လုံးဝမသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် ဦးကျော်ငြိမ်း ၁၁/ဘသတ(နိုင်)၀၁၇၂၄၃၏ ဇနီး ဒေါ်အေးအေးခိုင်(ဘ) ဦးမောင်ထွန်းရွှေသည် ၂-၅-၂၀၁၅ ရက်တွင် နေအိမ်မှ မိမိဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ဇနီးအဖြစ် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ငြိမ်း**
**၁၁/ဘသတ(နိုင်)၀၁၇၂၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8965၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ဦးမောင်ဦးထွန်း၏သား ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက၊ နဝမတန်း(A)မှ မောင်ခိုင်ကျော်ဟိန်းအား မောင်ခိုင်ကျော်ငြိမ်းဟု ပြောင်းလဲခေါ်ပါရန်နှင့် မောင်ခိုင်ကျော်ငြိမ်းနှင့် အဋ္ဌမတန်း(င)မှ မောင်မျိုးမြတ်ဟိန်းတို့၏ ဖခင်အမည်အမှန်မှာ ဦးအောင်ထွန်းဖြစ်ပါကြောင်း။

**မောင်ခိုင်ကျော်ငြိမ်း**
**ဦးအောင်ထွန်း**

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*ယမန်နေ့မှအဆက်*

(ဂ) ရေမိုင် (၂၀၀) စက်ဝန်းပြတ်မျဉ်းနှင့် ၁၉၈၆ ခုနှစ် မြန်မာ - အိန္ဒိယနှစ်နိုင်ငံသဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၆) ထိသောနေရာမှ နယ်နိမိတ်မျဉ်း၏ အမှတ် (၁၅၊ ၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၁၀) တို့အား အစဉ်အတိုင်း ဆက်ဆွဲထားသောမျဉ်း။

၂၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် မြစ်ဝကျွန်းပေါ်ဒေသတွင် မြစ်ဝကျွန်းပေါ်ရှိ အခြေခံအမှတ် (၂)ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံသဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၀) နှင့် (၉) အား ဆက်ဆွဲသောမျဉ်းအထိ ကျယ်ဝန်းသည်။

၂၂။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် တနင်္သာရီကမ်းရိုးတန်းဒေသတွင် တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁) မှတ်အား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၉) မှ (၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁) တို့အား အစဉ်အတိုင်း ဆက်ဆွဲသောမျဉ်းအထိ ကျယ်ဝန်းပြီး တောင်ဘက်တွင် မြန်မာ - ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်းအထိဖြစ်သည်။

၂၃။ မြန်မာ - ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊ မြန်မာ - အိန္ဒိယပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ)တွင် လည်းကောင်း၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြသည့်ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၂၄။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ရေထု၊ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့တွင်ရှိသော သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့် လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသော စီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇရိယာ သတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ၊

(င) ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၈၂)အရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၅။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက်ကေဘယ်လ်ကြိုးချခွင့်၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချခွင့်နှင့် ယင်းဇုန်အတွင်း ဥပဒေနှင့်ညီသော အသုံးပြုခွင့်များရှိသည်။ ယင်းသို့ အသုံးပြုခွင့်များကို ကျင့်သုံးရာတွင် ပုဒ်မ ၂၄ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေရ။

၂၆။ မည်သူမျှ သီးသန့်စီးပွားရေးဇုန်တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

၂၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သီးသန့်စီးပွားရေးဇုန်အတွင်း သက်ရှိ၊ သက်မဲ့၊ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ ရေယာဉ်ပေါ်သို့ တက်ရောက်ခြင်း၊ ရေယာဉ်များကို စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

**အခန်း(၅)**

**ကမ်းလွန်ရေတိမ်ပိုင်း**

၂၈။ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး၊ ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ပါဝင်သည်။ နိုင်ငံတော်မှ ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သို့ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံမျဉ်းမှ ရေမိုင် (၂၀၀)အလွန် ကမ်းလွန်ရေတိမ်ပိုင်းအား သိပ္ပံနှင့် နည်းပညာအချက်အလက်အထောက်အထားများဖြင့် တောင်းခံထားမှုအပေါ် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်က ထောက်ခံအတည်ပြုသည့် ကမ်းလွန်ရေတိမ်ပိုင်းဇရိယာအရ အခြားနိုင်ငံများ၏ ကမ်းလွန်ရေတိမ်ပိုင်း ဇရိယာနှင့်ထပ်နေပါက ထိုနိုင်ငံများနှင့်သဘောတူခွဲခြားပြီးသည့် ဇရိယာသတ်မှတ်ချက်အထိ ကျယ်ဝန်းသည်။

၂၉။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတပစ္စည်းများဆိုရာတွင် -

(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများ ပါဝင်သည်။ သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများတွင် ပင်လယ်အောက်ခြေတစ်နေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသောအပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့်အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ်ထိတွေ့နေသောသတ္တဝါများ ပါဝင်သည်။

(ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတပစ္စည်းများ ပါဝင်သည်။

၃၀။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည်-

(က) သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေခြင်းနှင့် မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့်အခြားပစ္စည်းကိရိယာများကိုတည်ဆောက်ခြင်း၊ထိန်းသိမ်းခြင်းနှင့်အသုံးပြုခြင်း၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် အဏ္ဏဝါညစ်ညမ်းမှုကို လျှော့ချခြင်း၊ တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊

(င) မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာဥပဒေအရ အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း။

၃၁။ မည်သူမျှ ကမ်းလွန်ရေတိမ်ပိုင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(စ) ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းများချခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း။

**အခန်း(၆)**

**ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်**

၃၂။ နိုင်ငံတော်သည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသော မည်သည့်နိုင်ငံခြားရေယာဉ်ကိုမဆို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ကျင့်သုံးနိုင်သည်။ ယင်းသို့ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်သည် လိုက်လံဖမ်းဆီးခြင်းခံရသော နိုင်ငံခြားရေယာဉ်က ယင်း၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ တတိယနိုင်ငံ၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း ရပ်ဆိုင်းသည်။

**အခန်း (၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၃။ မည်သူမဆို ပုဒ်မ ၁၈၊ ၂၆ သို့မဟုတ် ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းသော်လည်းကောင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၆၊ ၇ သို့မဟုတ် ၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၃၅။ ပုဒ်မ ၃၃ အရ ငွေဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၆။ ပုဒ်မ ၃၃ တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင် တပ်ဆင်ထားသော ကိရိယာ၊ တန်ဆာပလာများ ရေယာဉ်ပေါ်ရှိ ပစ္စည်းများ အားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း (၈)**

**အထွေထွေ**

၃၇။ နိုင်ငံတော်သည် အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးယူဆောင်ရွက်နိုင်သည်။

၃၈။ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၃၉။ ပုဒ်မ ၃၄ အရ အရေးယူဆောင်ရွက်သည့် ကိစ္စရပ်များသည် ပုဒ်မ ၁၅ ပါ တရားမကြောင်းအရ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို မထိခိုက်စေရ။

၄၀။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ။

၄၁။ အစိုးရအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၄၃။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**နောက်ဆက်တွဲ (က)**

၁။ ဤဥပဒေပါကိစ္စရပ်များအလို့ငှာ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရလည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါပုံသေသတ်မှတ်ထားသည့် တည်နေရာအမှတ်များအားဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည်-

**ဇယား**

**၂။ ရခိုင်ကမ်းရိုးတန်း**

| | | | | | |
|---|---|---|---|---|---|
| (က) | မေယုကျွန်း၏<br>တောင်ဘက်စွန်း<br>(Southern Point of<br>Mayu Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀°<br>၉၂° | ၁၁'<br>၃၂' | ၄၉"<br>၁၉" |
| (ခ) | မြင်းကွန်းကျွန်း၏<br>တောင်ဘက်စွန်း<br>(Boronga Point) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉°<br>၉၃° | ၄၈'<br>၀၁' | ၃၀"<br>၄၂" |
| (ဂ) | တောင်သန္တာကျွန်း<br>(South Terribles Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉°<br>၉၃° | ၂၂'<br>၁၆' | ၅၆"<br>၂၀" |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏<br>အနောက်ဘက်စွန်း<br>(Western Point<br>Of Henry Rocks ) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈°<br>၉၃° | ၅၁'<br>၂၆' | ၄၈"<br>၁၅" |
| (င) | နတ်ဗုဒ္ဓါကျွန်း<br>( Nerbudda Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈°<br>၉၃° | ၂၀'<br>၅၆' | ၅၀"<br>၂၅" |
| (စ) | ကျောက်လက်ဝါး<br>ကျောက်စု<br>( Church Rocks ) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၇°<br>၉၄° | ၂၇'<br>၁၉' | ၃၉"<br>၄၆" |
| (ဆ) | ငှက်တောင်ကျွန်းများ<br>၏အနောက်မြောက်ကျွန်းစု<br>(North West Group of<br>Hnget-taung Kyun Island ) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆°<br>၉၄° | ၅၅'<br>၁၂' | ၂၈"<br>၄၅" |

*ဆက်လက်ဖော်ပြပါမည်*

# iOS ဗားရှင်းအသစ် iOS 10 Beta တွင် ယူနီကုတ် စတင်ပါဝင်လာ

**ရန်ကုန် ဇွန် ၁၇**

iPhone နှင့် iPad များတွင် အသုံးပြုသည့် စက်လည်ပတ်စနစ် iOS ၏ ဗားရှင်းသစ်ဖြစ်သော iOS 10 အတွက် ဘီတာဗားရှင်းကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စတင်ထုတ်ပေးခဲ့ရာတွင် ယူနီကုတ်စနစ်ဖြင့် မြန်မာစာ စတင်ပါဝင်လာကြောင်း သိရသည်။

အဆိုပါ ဘီတာဗားရှင်းကို စမ်းသပ်အသုံးပြုလိုသူများအနေဖြင့် အင်တာနက်တွင် ဒေါင်းလုပ်ဆွဲ၍ ရယူအသုံးပြုနိုင်ပြီဖြစ်ကာ iOS 10 ကို လပိုင်းခန့်အတွင်း ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ iOS 10 ထွက်ရှိလာပါက Apple မှ နောက်ထွက်မည့် မိုဘိုင်းထုတ်ကုန်များတွင် iOS 10 များသာ ပါဝင်လာတော့မည်ဖြစ်ကာ လက်ရှိထွက်ထားပြီးသည့် ဖုန်းများဖြစ်သော iPhone 5 နှင့် 6 အပါအဝင် နောက်ပိုင်းထွက် iPhone မော်ဒယ်လ်များ၊ iPad 2 မှစ၍ နောက်ပိုင်းထွက်ထားသည့် iPad မော်ဒယ်လ်များနှင့် iPod မော်ဒယ်လ်အချို့တို့တွင် iOS 10 ကို Upgrade ပြုလုပ်၍ အသုံးပြုနိုင် မည်ဖြစ်ကြောင်း သိရသည်။

iOS 10 ဘီတာဗားရှင်းတွင် မြန်မာစာအနေဖြင့် ယူနီကုတ်ပါဝင်လာသဖြင့် ဇော်ဂျီဖောင့်ကို ထည့်သွင်းအသုံးပြုရန် ခက်ခဲလာမည်ဖြစ်ကြောင်းလည်း သိရသည်။ လက်ရှိအချိန်အထိ ပြည်တွင်း၌ အသုံးပြုနေသော iOS 9.3 အထိတွင် ဇော်ဂျီဖောင့်ကို ထည့်သွင်းရာ၌ လွယ်ကူသော်လည်း iOS 10 တွင် ဇော်ဂျီဖောင့်ကို အသုံးပြုလိုပါက မဖြစ်မနေ Jailbreak လုပ်ပြီးမှသာ ထည့်သွင်းနိုင်မည်ဖြစ်ကာ Jailbreak လုပ်လိုက်ခြင်းကြောင့် Apple မှ ပေးထားသော တရားဝင်အာမခံကို ဆုံးရှုံးရမည်ဖြစ်ကြောင်း ဖုန်းဆားဗစ်လုပ်နေသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံမှ အင်တာနက်သုံးသူများ အများဆုံးအသုံးပြုနေသည့် မြန်မာစာမှာ ဇော်ဂျီဖြစ်သော်လည်း ဇော်ဂျီမှာ ယူနီကုတ်စံနှုန်းသတ်မှတ်ချက်များဖြင့် မကိုက်ညီသဖြင့် ပြည်ပနည်းပညာကုမ္ပဏီကြီးများက ၎င်းတို့၏ ထုတ်ကုန်များတွင် မြန်မာစာကို ထည့်သွင်းပေးရာ၌ ယူနီကုတ်ကိုသာ ထည့်သွင်းပေးလျက်ရှိရာ လူသုံးအများဆုံး ဝင်းဒိုးကွန်ပျူတာများတွင် Window 10 OS နှင့် Apple ၏ လက်ပ်တော့နှင့် ကွန်ပျူတာများတွင် အသုံးပြုသော Mac OS နောက်ပိုင်းဗားရှင်းများ၌ ယူနီကုတ်ကို အလိုလျောက်ပါဝင်သည့် မြန်မာစာစနစ်အနေဖြင့် ထည့်သွင်းပေးထားပြီးဖြစ်သည်။ ထို့အတူ မိုဘိုင်း OS ဖြစ်သည့် Android တွင်လည်း အချို့ဖုန်းများတွင် Lollipop နှင့် အချို့ဖုန်းများတွင် Mershmellow ဗားရှင်းတို့မှစ၍ မြန်မာစာအနေဖြင့်



ယူနီကုတ် အလိုလျောက် ပါဝင်လာပြီး Apple ၏ မိုဘိုင်းထုတ်ကုန်များတွင် အသုံးပြုသော iOS အတွက်မူ ယခုထွက်ရှိလာသည့် iOS 10 Beta တွင် ယူနီကုတ် စတင်ပါဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# နည်းပညာလုပ်ငန်းငယ်များကို အရှိန်မြှင့်တင်ပေးမည့်အစီအစဉ် ဖန်တီးရာမှ စတင်ပြုလုပ်

**ရန်ကုန် ဇွန် ၁၇**

ပြည်တွင်းနည်းပညာကဏ္ဍ တိုးတက်ရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေသော ဖန်တီးရာ (Phandeeyar)မှ မြန်မာ့နည်းပညာ စွန့်ဦးတီထွင် လုပ်ငန်းငယ်(Startup)များအတွက် အရှိန်မြှင့်တင်ပေးမှုအစီအစဉ်ကို စတင်ပြုလုပ်ထားပြီဖြစ်ကာ စွန့်ဦးတီထွင်လုပ်ငန်းငယ်များ ဝင်ရောက်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားအလာရှိသော မြန်မာ့နည်းပညာလုပ်ငန်းငယ်များကို အရှိန်မြှင့်တင်ပေးမှုအနေဖြင့် ရန်ပုံငွေထောက်ပံ့မှု၊ စဉ်ဆက်မပြတ်နည်းပြပေးမှု၊ လုပ်ငန်းလမ်းညွှန်သူ အသိုင်းအဝိုင်းများဖြင့် နည်းပြပေးမှု၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံနိုင်ရန်နှင့် နည်းဗျူဟာဆိုင်ရာ မိတ်ဖက်များထံမှ အခမဲ့ဝန်ဆောင်မှုများ ရရှိရန် ဆောင်ရွက်ပေးမှုများပါဝင်ကြောင်း၊ အစီအစဉ်တစ်ခုလျှင် ခြောက်လကြာမြင့်မည်ဖြစ်ပြီး နှစ်စဉ် မြန်မာနိုင်ငံ၏ အကောင်းဆုံးလုပ်ငန်းငယ် လေးခုမှ ရှစ်ခုအထိကို အစီအစဉ်တွင်ပါဝင်ရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖန်တီးရာ အရှိန်မြှင့်တင်မှုအစီအစဉ် ညွှန်ကြားသူ Mr.Jes Kaliebe Petersen က “မြန်မာ့နည်းပညာလောကဟာ အထူးအရည်အသွေးရှိပြီး အရင်းအမြစ်ပြည့်စုံမှုရှိပေမယ့် အခုအချိန်အထိ စွန့်စားရင်းနှီးမှု၊ နည်းလမ်းပြမှုနဲ့ ဝန်ဆောင်မှုထောက်ပံ့ပေးမှုများကို ရယူနိုင်ခြင်း မရှိသေးပါဘူး။ ဖန်တီးရာ အရှိန်မြှင့်တင်မှုက အလားအလာကောင်းရှိတဲ့ စွန့်ဦးတီထွင်သူတွေရဲ့ ကုမ္ပဏီတွေအတွက် အရေးပါတဲ့နောက်တစ်ဆင့်ကို တက်နိုင်အောင် ကူညီပေးမှာဖြစ်ပါတယ်”ဟု ပြောသည်။

အစီအစဉ်တွင် ပါဝင်လျှောက်ထားရန်အတွက် ပထမအကြိမ် လျှောက်လွှာများကို စတင်ခေါ်ယူနေပြီဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ဇူလိုင် ၃၁ ရက်ဖြစ်သည်။ ရွေးချယ်မှုကို ဩဂုတ်လအတွင်း ပြုလုပ်မည်ဖြစ်ပြီး ခြောက်လတာ အစီအစဉ်ကို စက်တင်ဘာလတွင် စတင်မည်ဖြစ်ကြောင်း၊ အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက accelerator. phandeeyar.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပါဝင်လျှောက်ထားရန်အတွက် accelerator. phandeeyar.org/apply တွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

ရွေးချယ်ခံရသော လုပ်ငန်းငယ်များသည် ၎င်း၏ လုပ်ငန်းအစုရှယ်ယာ ၁၂ ရာခိုင်နှုန်းကို Covertible Note အနေဖြင့် ပေးပြီး အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ ဖန်တီးရာ၏ ရန်ကုန်မြို့လယ်ရှိ Myanmar Innovation Lab တွင် ရုံးခန်းနေရာ ခြောက်လ အခမဲ့နှင့် စဉ်ဆက်မပြတ် နည်းပြပေးမှုများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် ဒေသတွင်းမှ လုပ်ငန်းလမ်းညွှန်သူ ၃၀ ကျော်၏ နည်းပြမှုများကိုလည်းရရှိမည်ဖြစ်ကာ လုပ်ငန်းငယ်များ၏ ရလဒ်များအပေါ် မူတည်၍ စွန့်စားရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များ၊ နည်းဗျူဟာဆိုင်ရာ မိတ်ဖက်များနှင့်လည်း တွေ့ဆုံနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းငယ်များအနေဖြင့် ဖန်တီးရာ နည်းဗျူဟာဆိုင်ရာမိတ်ဖက်များမှ ရရှိနိုင်သည့် ဝန်ဆောင်မှုများအဖြစ် တယ်လီနောမှ go-to-market ဝန်ဆောင်မှု၊ Wave Money မှ ဈေးကွက်ရှာဖွေခြင်းကဲ့သို့သော ထောက်ပံ့မှုများ၊ Facebook ၏ FB start အစီအစဉ်မှ ထောက်ပံ့မှုများ၊ PwC Myanmar မှ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း စသည့် ထောက်ပံ့မှုများ အပါအဝင် အခြားထောက်ပံ့မှုများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဖန်တီးရာ အရှိန်မြှင့်တင်ပေးမှုအစီအစဉ်တွင် နည်းပြတစ်ဦးဖြစ်ပြီး စင်ကာပူနိုင်ငံတွင် စွန့်ဦးတီထွင်လုပ်ငန်းများ စတင်ခဲ့သူတစ်ဦးလည်းဖြစ်သည့် ဦးသာထက်က “မြန်မာပြည်က သယံဇာတရင်းမြစ်တွေဟာ ဒေသတွင်းက တခြားနေရာတွေနဲ့ တူချင်မှ တူမယ်။ ဒါပေမယ့် ဒီမှာရှိနေတဲ့ အခွင့်အလမ်းတွေက အများကြီးပါပဲ။ မြန်မာပြည်က စွန့်ဦးတီထွင်သူတွေမှာ အရည်အသွေးအများကြီးရှိတယ်။ အောင်မြင်အောင် လုပ်နိုင်စွမ်းလည်းရှိတယ်”ဟု ပြောသည်။

ဖန်တီးရာအနေဖြင့် ပြည်တွင်းနည်းပညာကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ပထမဆုံး Hackathon ပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း Hackathon ပြိုင်ပွဲ သုံးပွဲ၊ Start-up ပြိုင်ပွဲ တစ်ပွဲတို့အပါအဝင် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ တွေ့ဆုံပွဲများ စုစုပေါင်း ၁၀၀ ကျော်ကို ကျင်းပခဲ့ကာ ထိုပွဲများသည် နည်းပညာဆိုင်ရာ လုပ်ငန်းငယ်များ၊ နည်းပညာကို စိတ်ဝင်စားသော လူငယ်များ၊ နည်းပညာအသုံးပြုလိုသော မီဒီယာများကို ICT စွမ်းရည်များ မြှင့်တင်ပေးနိုင်ခဲ့သည်။ ပြီးခဲ့သော ရွေးကောက်ပွဲကာလအတွင်းက ရွေးကောက်ပွဲဆိုင်ရာ မိုဘိုင်းလ်အပလီကေးရှင်းများ ထွက်လာရန်နှင့် မဲပေးသူများသိရှိရန်အချက်များကို ဒီဂျစ်တယ်နည်းဖြင့် ပညာပေးခြင်းများအတွက်လည်း အထောက်အကူပြုခဲ့သည်။

ဖန်တီးရာ အရှိန်မြှင့်တင်မှုအစီအစဉ်အတွက် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုအုပ်စု Omidyar Network က ထောက်ပံ့ပေးထားကြောင်း သိရသည်။ Omidyar Network သည် ဖန်တီးရာ၏ အရှိန်မြှင့်တင်မှုအစီအစဉ်အပါအဝင် ဖန်တီးရာမှ ဆောင်ရွက်နေသော နည်းပညာကဏ္ဍတိုးတက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကို ဇွန် ၁၅ ရက်က ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ Omidyar Network အနေဖြင့် ဖန်တီးရာ၏ Myanmar Innovation Lab တွင် ဒုတိယအကြိမ်မြောက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို ဖန်တီးရာအနေဖြင့် အရှိန်မြှင့်လုပ်ဆောင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

Omidyar Network သည် နိုင်ငံတကာမှ ကုမ္ပဏီများနှင့် အကျိုးအမြတ်အတွက် ပြုလုပ်နေခြင်းမဟုတ်သည့် အဖွဲ့အစည်းများတွင် စုစုပေါင်း ဒေါ်လာ ၉၄၇ သန်းကို ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**သူရဖြိုး၊ ခင်ရတနာ**

# Oppo ၏ စမတ်ဖုန်းမော်ဒယ်လ်သစ်တစ်ခု ဇူလိုင်လအတွင်း ပြည်တွင်းဈေးကွက်သို့ ဝင်မည်

**ရန်ကုန် ဇွန် ၁၇**

Oppo ၏ စမတ်ဖုန်းမော်ဒယ်လ်သစ်တစ်ခုဖြစ်သည့် A37 ကို ဇူလိုင်လအတွင်း ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချတော့မည်ဖြစ်ကြောင်းနှင့် A37 မော်ဒယ်လ်သစ်တွင် ယခင် Oppo ဖုန်းများ၏ အားနည်းချက်ဖြစ်နေသော ဆင်းကတ်နှစ်ကတ်သုံးလျှင် မင်မိုရီကတ်ထပ်စိုက်သုံးမရသည့် အားနည်းချက် မရှိတော့ဘဲ ဆင်းကတ်နှစ်ကတ် တစ်ပြိုင်တည်းသုံးနိုင်မည့်အပြင် မင်မိုရီကတ်ထပ်စိုက်ရန် သီးသန့်အပေါက်တစ်ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Oppo A37 တွင် ကွန်ရက်ပိုင်းကိုလည်း ပြည်တွင်းကွန်ရက်နှင့် ကိုက်ညီအောင် ပြုလုပ်ထားပြီး အင်တာနက်အတွက် 4G ကွန်ရက်ကိုပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကင်မရာပိုင်းတွင်လည်း အရည်အသွေးကောင်းမွန်သည့် ဓာတ်ပုံများကို ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်မည်ဖြစ်ကာ ကိုယ်ထည်မှာလည်း သတ္တုကိုယ်ထည်ဖြစ်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် အလယ်အလတ်တန်းရှိ Mid range ဖုန်းအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

Oppo သည် ပြည်တွင်းဈေးကွက်၌ နေရာရလာသည့် စမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း၌ ဆယ်လ်ဖီရိုက်ကူးမှုအတွက် အထူးကောင်းမွန်သော F1 နှင့် F1 Plus ဖုန်း မော်ဒယ်လ်နှစ်မျိုးကို ရောင်းချထားပြီးဖြစ်ကာ A37 မှာ ၂၀၁၆ ခုနှစ်အတွင်း Oppo ၏ တတိယမြောက် ဖုန်းမော်ဒယ်လ်သစ်ဖြစ်လာမည်ဖြစ်သည်။

**သူရဖြိုး**

# CB Bank Mobile Banking ကို အသုံးပြုသူများ အွန်လိုင်းမှ မီတာဘေလ်ဆောင်နိုင်

**ရန်ကုန် ဇွန် ၁၇**

CB Bank Mobile Banking ကို အသုံးပြုနေသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၃၀ အတွက် မီတာဘေလ်များကို အွန်လိုင်းမှ ပေးဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမီတာဘေလ်ပေးဆောင်နိုင်သော မြို့နယ်များမှာ မရမ်းကုန်း၊ လှိုင်သာယာ၊ ဗဟန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ စမ်းချောင်း၊ လှိုင်၊ ကမာရွတ်၊ အင်းစိန်၊ ရွှေပြည်သာ၊ သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒေါပုံ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တစ်ထောင်၊ မြောက်ဒဂုံ၊ ရွှေပေါက်ကံ၊ လမ်းမတော်၊ လသာ၊ ထန်းတပင်၊ ဆိပ်ကမ်း၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မြောင်းတကာ၊ မင်္ဂလာဒုံနှင့် ထောက်ကြန့်မြို့နယ်များဖြစ်သည်။

မီတာဘေလ်ပေးဆောင်ရန်အတွက် Mobile Banking အသုံးပြုသူများအနေဖြင့် Mobile Banking ကို Login ဝင်ပြီး My Services Menu ကိုနှိပ်၍ Payment Menu ကိုရွေးကာ ထိုမှတစ်ဆင့် Meter Bill Payment ကို ဆက်ရွေးပြီး CNP နံပါတ်ပါသော မီတာစာရွက်ဆိုလျှင် CNP Payment (62xxxxxxxxxx)ကို နှိပ်ပြီးပေးဆောင်ရမည်ဖြစ်သည်။ ဘားကုတ်အောက်တွင် ဂဏန်း ၁၀ လုံးပါသော မီတာစာရွက်ဆိုလျှင် Titan Source Payment ကိုနှိပ်ပြီး ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမီတာဘေလ်ပေးဆောင်ခြင်းအတွက် ဝန်ဆောင်ခမှာ ကျပ်ငါးရာကျသင့်မည်ဖြစ်ကြောင်းနှင့် ဘေလ်ပေးဆောင်ပြီးပါက ပေးဆောင်ပြီးကြောင်း အထောက်အထားအနေဖြင့် Mobile Banking Account Statement တွင် ကြည့်ရှုနိုင်မည်ဖြစ်ကာ မိမိငွေစာရင်းမှ ငွေဖြတ်ထားသည့် အထောက်အထားကိုလည်း လိုအပ်လျှင် ဘဏ်တွင်တောင်းယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

နည်းပညာနယ်ပယ်အတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူ လူငယ်များအနေဖြင့် ရွေးချယ်စရာလမ်းကြောင်းများကို သိရှိစေရန်အတွက် ‘IT လောက၏ ရွေးချယ်စရာလမ်းကြောင်းများ (Carrier for IT Field)’ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာရှင်အသင်းက ကြီးမှူး၍ ဇွန် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို လှိုင်မြို့နယ် MICT Park အခန်း(၂၀၅)၌ ဇွန် ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲတွင် Legend Myanmar Technology ကုမ္ပဏီလီမိတက်မှ CEO ဦးစိုင်းတင်မင်းလူက ဟောပြောမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး IT နယ်ပယ်အတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်ရန်ပြင်ဆင်နေသော လူငယ်များနှင့် မိဘအုပ်ထိန်းသူများ၊ IT လောကအတွင်းရှိ လမ်းကြောင်းရွေးချယ်ရန်ခက်ခဲနေသူများအတွက် လမ်းကြောင်းများ ရွေးချယ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူး၏ High Jump ဓာတ်ပုံပြိုင်ပွဲတွင် အပျော်တမ်းဓာတ်ပုံဝါသနာရှင်များဆက်လက်ယှဉ်ပြိုင်လျက်ရှိ

**ရန်ကုန် ဇွန် ၁၇**

အူရီဒူး 4G Plus ကို အသင့်သုံးနိုင်သည့် ဆမ်ဆောင်း J2 ဟန်းဆက်ကို ဆုအဖြစ် ချီးမြှင့်မည့် အူရီဒူးမြန်မာ၏ High Jump ဓာတ်ပုံပြိုင်ပွဲတွင် အပျော်တမ်းဓာတ်ပုံဝါသနာရှင်များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲ High Jump ဓာတ်ပုံပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ပါဝင်ဆင်နွှဲနိုင်ပြီး မိမိကိုယ်တိုင် ဖန်တီးရိုက်ကူးထားသည့် ဓာတ်ပုံများကို အူရီဒူးဖုန်းနံပါတ်နှင့်အတူ အူရီဒူးမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာသို့ မက်ဆေ့ပေးပို့၍ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အရေအတွက်အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ပေးပို့လာသည့်ဓာတ်ပုံများကို အယ်လ်ဘန်ပြုလုပ်ကာ ဖေ့စ်ဘုတ်အသုံးပြုသူများ၏ Like အများဆုံးရရှိသော ဓာတ်ပုံများထဲမှ အကောင်းဆုံးသုံးပုံကို အူရီဒူးမြန်မာက အပတ်စဉ်ရွေးချယ်ကာ အူရီဒူး 4G Plus အသုံးပြုနိုင်မည့် Samsung J2 ဟန်းဆက်ကို ဆုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဇွန် ၆ ရက်က စတင်၍ ပထမအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပထမအကြိမ်ပြိုင်ပွဲအတွက် ဆုရရှိသူများအား ဇွန် ၁၀ ရက်တွင် ကြေညာပေးခဲ့ကာ ဆုများလည်း ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲကို ပရိသတ်များ၏ စိတ်ဝင်စားနှစ်ခြိုက်မှုအရ ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပနေပြီး ဆုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများကို အပတ်စဉ်အလျဉ်းသင့်သလို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုပါက အူရီဒူးမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သူရဖြိုး**

# ဂုဏ်ထူးရှင် (၁၅၅) ဦးဖြင့် ရေဦးမြို့နယ် ဂုဏ်ထူးရှင်ဦးရေအများဆုံး ကိုယ်ပိုင်ကျောင်း

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - က က - ၅ / ၀၅ / ၃၀

ဦးဝင်းအောင်+ဒေါ်ဝင်း
ဒေါက်တာဇော်သိန်းထိုက်+ဒေါက်တာမင်းမင်းသူ
ဦးစီးတည်ထောင်သည့်...

ရေဦးမြို့

## ကိုယ်ပိုင်အထက်တန်းကျောင်း

၅၊၆၊၇၊၈ တန်း ● ၉၊၁၀ တန်း(သီးပွဲတွဲ)

ဆက်သွယ်ရန် ■ ရှင်မင်းနုလမ်း၊ ရေဦးမြို့။

**Ph: 075-40266, 09-47070028, 09-6470051, 09-400504022**

| | |
|---|---|
| နှစ်ပေါင်းဖြေဆိုသူ | ( ၂၁ ) ဦး |
| ဂုဏ်ထူးဖြင့်အောင်မြင်သူ | ( ၁၃ ) ဦး |
| ရိုးရိုးအောင်မြင်သူ | ( ၆ ) ဦး |
| ကျရှုံးသူ | ( ၂ ) ဦး |

**6D** ၆-ဘာသာ ဂုဏ်ထူးရှင်များ
မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ



မသီရိစံ ၈၉-၁၃၆၃ · မသက်နှင်းဝေ ၈၉-၁၄၈၁ · မစိုးပြည့်စန္ဒာထွန်း ၈၉-၁၄၀၅

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ

### ဂုဏ်ထူးရရှိသူများ

| | |
|---|---|
| (၆)ဘာသာဂုဏ်ထူးရှင် | ( ၃ ) ဦး |
| (၅)ဘာသာဂုဏ်ထူးရှင် | ( ၁၂ ) ဦး |
| (၄)ဘာသာဂုဏ်ထူးရှင် | ( ၁၅ ) ဦး |
| (၃)ဘာသာဂုဏ်ထူးရှင် | ( ၂၂ ) ဦး |
| (၂)ဘာသာဂုဏ်ထူးရှင် | ( ၂၈ ) ဦး |
| (၁)ဘာသာဂုဏ်ထူးရှင် | ( ၇၅ ) ဦး |

### ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများ

| | |
|---|---|
| မြန်မာစာဂုဏ်ထူးရှင် | ( ၁၂ ) ဦး |
| အင်္ဂလိပ်စာဂုဏ်ထူးရှင် | ( ၁၅ ) ဦး |
| သင်္ချာဂုဏ်ထူးရှင် | ( ၃၈ ) ဦး |
| ဓာတုဗေဒဂုဏ်ထူးရှင် | ( ၆၈ ) ဦး |
| ရူပဗေဒဂုဏ်ထူးရှင် | ( ၅၁ ) ဦး |
| ဇီဝဗေဒဂုဏ်ထူးရှင် | ( ၁၅၁ ) ဦး |

| | |
|---|---|
| ဖြေဆိုသူပေါင်း | ( ၂၂၆ ) ဦး |
| အောင်မြင်သူပေါင်း | ( ၂၀၅ ) ဦး |
| ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း | ( ၁၅၅ ) ဦး |
| ရိုးရိုးအောင်မြင်သူပေါင်း | ( ၅၀ ) ဦး |

ဂုဏ်ထူးထွက်ရှိသောရာခိုင်နှုန်း (၇၅. ၆၀)%

အောင်ချက်ရာခိုင်နှုန်း

## (၉၀.၇၀)%

**အောင်မြင်သူ (၄)ဦးလျှင် (၃)ဦး ဂုဏ်ထူးထွက်ရှိပါသည်**

**5D** ၅-ဘာသာ ဂုဏ်ထူးရှင်များ



**တော် / ညံ့ မျက်နှာရွေးပြီး လက်ခံတာမဟုတ်ဘဲ အောင်ချက်ကောင်းတဲ့ . . . ကျောင်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) e-voting System ဆိုင်ရာ Spare Parts ပစ္စည်းများ ဝယ်ယူခြင်း

(ခ) (Dဆောင်)တွင် Otis အမျိုးအစား ဓာတ်လှေကား(၁)စင်း တပ်ဆင်ခြင်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၇-၂၀၁၆ရက်
**တင်ဒါဖွင့်မည့်ရက်** - ၂၀-၇-၂၀၁၆ရက်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**စီမံရေးရာဌာန၊ ရုံးအမှတ်(၄၀)**
**ဖုန်း-၀၆၇-၃၉၀၃၃၀၊ ၃၉၀၃၀၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များနှင့် အထူးအဖွဲ့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလမ်းလုပ်ငန်းသုံးပစ္စည်းလမ်းခင်းကျောက်ရွယ်စုံနှင့်သစ်ခွဲသားရွယ်စုံအား မြို့နယ်နှင့်အထူးအဖွဲ့အလိုက်(မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများတင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁)(၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)**

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၆ ရက်၊ (၁၆:၀၀)နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၆-၂၀၁၆ ရက်၊ (၉:၃၀)နာရီ
၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့၊ ဖုန်း-၀၈၁- ၃၁၀၀၂၀

၄။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

ဦးလှမျိုး-ဒေါ်အေးဝင်းတို့၏သမီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၁)၊နဝမတန်း(F)မှ မဖူးဖူးလှမျိုးဝင်းအား ယနေ့မှစ၍ မနှင်းနုဝေဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းနုဝေ**

## အမည်ပြောင်း

ဦးကြည်စိုး၏သား မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(အတွဲ-၁၊D)မှ မောင်ဖြိုးသန်းထိုက်အား ယနေ့မှစ၍ မောင်ဖြိုးသူရိန်စိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးသူရိန်စိုး**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အောက်ဖော်ပြပါ ရုံးသုံးယာဉ်များအား တစ်စီးလျှင် ကျပ်သိန်း ၃၀၀နှုန်းဖြင့် ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Saloon/Wagon (Zero milelist-Brand New) ၄ စီး
(ခ) Mini Bus (Zero milelist-Brand New) ၁ စီး

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၆-၆-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၆ ရက် ၁၄:၀၀ နာရီ မတိုင်မီ နောက်ဆုံးထားပေးပို့တင်သွင်းရန်ဖြစ်ပါသည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်ကို တင်သွင်းသူများသို့ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၆၄၊ ၀၁-၂၃၀၂၁၁၄နှင့် ၀၁-၂၃၀၂၁၇၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အလုံလမ်း၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့၊ အထက ဘုရားဖြူ၊ အဋ္ဌမတန်း(ခ)မှ မသန့်ဇင်နှင့်ပဉ္စမတန်း(ခ)မှ ခွန်အောင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစောလွင်ဖြစ်ပါကြောင်း။

**ဦးစောလွင်**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့၊ အထက ဘုရားဖြူ၊ တက္ကသိုလ်ဝင်တန်းမှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၃/ဆဆန(နိုင်)၀၂၆၄၅၈ဖြစ်ပါကြောင်း။

**ဦးသန်းဇော်**

## မိဘအမည်မှန်

ဆီဆိုင်မြို့၊ အထက ဘုရားဖြူ၊ သတ္တမတန်းမှ ခွန်ဒွေးရယ်(ခ)မောင်နေထွန်း၏ မိဘအမည်မှန်မှာ ဦးဘူးရယ် ၂/လကန(နိုင်)၀၆၀၈၂၂နှင့် ဒေါ်ခမ်းဘီ ၁၃/ဆဆန(နိုင်)၀၄၂၁၇၂ဖြစ်ပါကြောင်း။

**ဦးဘူးရယ်-ဒေါ်ခမ်းဘီ**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက (၁၉)၊ တက္ကသိုလ်ဝင်တန်း (A) မှ မနွေးနွေးချို၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၉/ပမန(နိုင်) ၂၀၆၈၃၁ ဖြစ်ပါကြောင်း။

**ဦးလွင်ဦး ၉/ပမန(နိုင်)၂၀၆၈၃၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ယူကြီးကြပ်မှုဖြင့်
## ကျောင်းအဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း/ရုံးများ၊ သိပ္ပံဆောင်များ၊ မူကြိုဆောင်များ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း/ရုံးအဆောက်အအုံ (၅၃) ခု
(ခ) သိပ္ပံဆောင် (၁၀) ခု
(ဂ) မူကြိုဆောင် (၃၉) ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/ချိန်** - ၂၀-၆-၂၀၁၆ရက် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၆ရက် ညနေ ၁၆:၃၀နာရီထိ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၈-၂၀၁၆ရက် နံနက် ၁၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးမှူးရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၅၅၁၊ ၂၃၅၅၂၊ ၂၃၉၆၁၊ ၂၃၉၆၃**

## တင်ဒါဖွင့်မည့်ရက် အသိပေးကြော်ငြာခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝယ်ယူမည့်ရုံးသုံးစက်ပစ္စည်းကိရိယာ၊ မော်တော်ယာဉ်တို့အတွက် ၁၂-၅-၂၀၁၆ရက်ထုတ် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ကြော်ငြာထည့်သွင်းဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကြော်ငြာတွင် ခေါ်ယူခဲ့သည့် လုပ်ငန်းများဆောင်ရွက်ရန်နှင့် ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| စဉ် အကြောင်းအရာ | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|
| ၁။ တည်ဆောက်ရေး | ၂၉-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) | ၀၉:၃၀နာရီ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အမှတ် ၂၃၈၊ သီတာလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ |
| ၂။ ပစ္စည်းဝယ်ယူရေး | ၃၀-၆-၂၀၁၆ရက် (ကြာသပတေးနေ့) | ၀၉:၃၀နာရီ | ״ |

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်မှန်

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နကတ-၁၀၀၄ဖြင့်ဖြေဆိုခဲ့သော (ဘ)ဦးစံနက်ကျော်၏သားမောင်စံလင်းဦး၏ အမည်မှန်မှာ မောင်စံလင်းလင်း ဖြစ်ပါကြောင်း။

**မောင်စံလင်းလင်း ၉/ပမန(နိုင်)၂၃၈၇၉၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားဖျန်း၏သမီး ကျိုင်းတုံမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းအောင်မှ မအားထူ ၁၃/ကတန(နိုင်)၁၃၆၀၁၀နှင့် မအားဖယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၁၉၉၉ ဖြစ်ပါကြောင်း။

**မအားထူ(ခ)မအားဖယ်**

## ဖခင်အမည်မှန်

ဟိုပင်မြို့၊ အလက(ခွဲ) အနောက်၊ ပဉ္စမတန်းမှ မသဲအိစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ထွန်း ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

အထက(ဟိုပင်)၊ နဝမတန်း (C)မှ မောင်ဇော်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၈-၂၀၀၀ ဖြစ်ပါသည်။

## အမည်ပြောင်း

ဟိုပင်မြို့၊အထက(ခွဲ) တကွင်း၊ သတ္တမတန်း (A)မှ မမင်းမင်းဇော်အား မထက်ဝတီမိုး၊ ပဉ္စမတန်း(B)မှမအေးအေးဇော်အား မထက်ရတီမိုးဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (လုံးတုံ)၊ နဝမတန်းမှ မောင်ညွန့်ဝင်းထက်၊ သတ္တမတန်းမှ မောင်ဒီပါအောင်နှင့် ပဉ္စမတန်းမှ မောင်ဟန်ပါအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းအေး ၁/မညန(နိုင်)၀၀၄၁၂၂ ဖြစ်ပါသည်။

# မကွေးတိုင်းဒေသကြီး ရေနံချောင်း စက်မှုဇုန် အိတ်ချိန်းရှိ
# အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်** - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန် မကွေးတိုင်းဒေသကြီး ရေနံချောင်းစက်မှုဇုံအိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါသည်။ ပြောင်းလဲမည့်နေ့ရက်နှင့် တယ်လီဖုန်းနံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဧရိယာ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် | နေ့စွဲ |
|---|---|---|---|
| ရေနံချောင်းစက်မှုဇုံ အိတ်ချိန်းဧရိယာ (ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး) | ၀၆၀-၃၀-××× | ၀၆၀-၈၈၀-၀××× | ဇူလိုင်လ ၁ ရက်၊ ၂၀၁၆ |

အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် MPT မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများ အနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDAအသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ခွဲစိတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၀-၆-၂၀၁၆ ရက်
**စတင်ရောင်းချမည့်ရက်** နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန်အတွက်လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၇-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၀၅၉၂၈၅ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇သို့ နေ့စဉ် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်
## ငွေစုဘဏ်အပ်ငွေအတိုးအား
## (၃)လ(၁)ကြိမ်အတိုးထည့်သွင်းပေးမည်ဖြစ်ကြောင်း
## ကြော်ငြာခြင်း

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ငွေစုဘဏ် စာရင်းအပ်ငွေအတိုးများကို (၆)လ တစ်ကြိမ် ထည့်သွင်းပေးခဲ့ရာမှ ယခု၂၀၁၆ခုနှစ်၊ ဧပြီလမှစတင်၍ အတိုးနှုန်း ၈%ဖြင့်(၃)လ (၁)ကြိမ် အတိုး ထည့်သွင်းပေးမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်။

(မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်)

---

### အမည်မှန်

ဦးမောင်ခိုင် ၅/ဆလက(နိုင်)၀၄၄၃၁၈၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ဒုန်းတော အလက(ခွဲ) အဋ္ဌမတန်းမှ မမြမြမွန်၏ အမည်မှန်မှာ မမြတ်မြတ်မွန်ဖြစ်ပါကြောင်း။ **မမြတ်မြတ်မွန်**

### အမည်ပြောင်း

ဦးမြင့်သန်းဆွေ၏ သမီး မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အထက(၅) စတုတ္ထတန်းမှ မမေနန္ဒာဆွေ၏ အမည်မှန်မှာ မမေသဏ္ဍာဆွေ ဖြစ်ပါကြောင်း။ **မမေသဏ္ဍာဆွေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဆားလင်းကြီးမြို့နယ်၊ ဒုန်းတောရွာနေ ဦးမျိုးမြင့်(ခ) ဦးမျိုးမြင့်ဦး ၅/ဆလက(နိုင်)၀၀၈၇၇၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်ဦး**

### မိဘအမည်မှန်

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အထက(၅) စတုတ္ထတန်းမှ မမေသဏ္ဍာဆွေ၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇင်မင်း၏ မိဘအမည်မှန်မှာ ဦးမြင့်သန်းဆွေ ၅/မကန(နိုင်)၀၄၉၇၉၈နှင့် ဒေါ်နှင်းမေ ၁/ကမန(နိုင်)၀၂၇၇၆၇ဖြစ်ပါကြောင်း။ **ဦးမြင့်သန်းဆွေ-ဒေါ်နှင်းမေ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဘိုကလေးမြို့နယ်တရားရုံးတော်၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈

မပုံ့ပုံ့(ခ)မသင်းသင်းလှိုင် **နှင့်** မကြည်ကြည်ခင်
**တရားလို** **တရားခံ**

ဘိုကလေးမြို့၊ အမှတ်(၁၂)၊ (၄)ဖြတ်လမ်း၊ (၃)ရပ်ကွက်နေ မကြည်ကြည်ခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မပုံ့ပုံ့(ခ)မသင်းသင်းလှိုင်(တရားလို)က ငွေ(၃၅)သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၃၀ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁)တရားလိုများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တရားသူကြီး**
**(ခင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

---

## ဗသက(၉၅) မိသားစုဝင်များမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-၂၀၁၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဗိုလ်ကြီးစန်းမောင်(ငြိမ်း)-ဒေါ်သင်းသင်းခိုင်တို့၏သား မောင်ထင်လင်းအောင် (လူရည်ချွန်နှစ်ထပ်ကွမ်း) (၆)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးအဒီးဟတ်(ငြိမ်း)-ဒေါ်ငြိမ်းငြိမ်းအိတို့၏သား မောင်လင်းဝေယံ (လူရည်ချွန်နှစ်ထပ်ကွမ်း) (၆)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးအောင်ကျော်ဦး(ငြိမ်း)-ဒေါ်စန်းစန်းမော်တို့၏သား မောင်ညိမ်းထက်နိုင် (၆)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးမြင့်အောင်(ငြိမ်း)-ဒေါ်မူမူခိုင်တို့၏သား မောင်လင်းမင်းခန့် (၆)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးဇော်လွင်(ငြိမ်း)-ဒေါ်ထွေးထွေးရီတို့၏သမီး မဆုလဲ့ရည် (၄)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးတင်လတ်(ငြိမ်း)-ဒေါ်စန်းစန်းဝင်းတို့၏သမီး မခိုင်ဇင်လတ် (၄)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးမြင့်ကျော်(ငြိမ်း)-ဒေါ်သီတာအောင်တို့၏သားမောင်ဘုန်းစင်ကြယ် (၃)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးချိုဝင်း(ငြိမ်း)-ဒေါ်အေးအေးယုတို့၏သမီး မဆုစံဝင်း (၃)ဘာသာဂုဏ်ထူး၊ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်မိုးမိုးခိုင်တို့၏သမီး မမေမြတ်နိုးခင် (၂)ဘာသာဂုဏ်ထူးတို့ဖြင့် အောင်မြင်သူများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများဆွတ်ခူးနိုင်ပါရန် ဆန္ဒပြုအပ်ပါသည်။

**ဗသက(၉၅)မိသားစု**

---

## (၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း

**ဖေဖေ ဦးခင်မောင်ဝင်း** နှင့် **မေမေဒေါ်ကြည်ကြည်ဝင်း** တို့၏ **(၂၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်** နေ့မှသည် နောင်နှစ်ပေါင်း ၁၀၀တိုင် ချစ်သောသားနှင့်သမီးနဲ့အတူ တကွ ပျော်ရွှင်စွာနေနိုင်ပါစေ။

**ဖေဖေ၊ မေမေတို့၏**
**တစ်ဦးတည်းသော သမီးကြီးနှင့်သားငယ်**

---

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)-ဒေါ်မြင့်မြင့်အေး တို့၏သား

**ဗိုလ်ကြီးဇင်သန်းထွန်း**
**(B.E, Mechanical, D.S.T.A)**

**နှင့်**

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့နေ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးဆန်းညွန့်ဦး-ဒေါ်တင်တင်မူတို့၏သမီး

**မခင်ချမ်းမြေ့ (B.A-Eng, YUFL), MBA**
**(Stratford University, USA, India Compus)**

တို့သည် ၁၁-၆-၂၀၁၆ ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဇင်သန်းထွန်း-မခင်ချမ်းမြေ့**

---

### အမည်ပြောင်း

ကျောက်မဲမြို့၊ အထက (၄)၊ ပဉ္စမတန်း(က)မှ နန်းသဇင်ဆောင်းဦးအား ယနေ့မှစ၍ နန်းသီတာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းသီတာဦး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စံသာရွာ အမက (မူလွန်)ပဉ္စမတန်းမှ မဗန်မှုန်ရဲမ်၊ တတိယတန်းမှ မောင်ယောနထန်၊ ပထမတန်းမှ မဟာနလာလ်ပါးရ်တို့၏ ဖခင်အမည်မှန်မှာ ဦးရမ်းမွန်ထန်ဖြစ်ပါသည်။ **ဦးရမ်းမွန်ထန်**

### ဖခင်အမည်မှန်

ဟိုပန်မြို့၊ အထက သတ္တမတန်း(ခ)မှ မောင်ထက်အာကာနှင့် ပဉ္စမတန်း(က)မှ မောင်ထက်မြက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖန်ကျင်းချွင် LKI-014915 ဖြစ်ပါသည်။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အလက (၄)သတ္တမတန်း(အောင်)မှ မလားရွက်ကီးမီး၏ ဖခင်အမည်မှန်မှာ ဦးမားချွန် ၅/ကလထ(နိုင်) ၀၇၃၂၂၇ ဖြစ်ပါသည်။ **ဦးမားချွန်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက (၆)အဋ္ဌမတန်း(အောင်)မှ မလာလ်မွန်ဇွာလ်၏ ဖခင်အမည်မှန်မှာ ဦးဆားဒါန် ၅/ကလထ(နိုင်) ၁၇၀၀၇၃ ဖြစ်ပါသည်။ **ဦးဆားဒါန်**

### အမည်ပြောင်း

ဦးကျော်စိုး၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ကျီကုန်းရွာ အလက (ခွဲ)သတ္တမတန်းမှ မမေဇွန်တွယ်တာကျော်အား မယွန်းနန္ဒာကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းနန္ဒာကျော်**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တာမွေမြို့နယ်တရားရုံးတော်၌
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဦးစည်သူ **နှင့်** ဦးအောင်ဇော်ထူး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရဿဝတီလမ်း၊ အမှတ် ၁၀၉၈ (ယခုလိပ်စာမသိ)နေ ဦးအောင်ဇော်ထူး သိစေရမည်။

သင့်အပေါ် ဦးစည်သူက ကားကိုအာမခံအဖြစ် ပေးအပ်၍ ချေးယူငွေကျပ် ၃၅၀၀၀၀၀/(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)နှင့် နစ်နာကြေးငွေကျပ်(၅၀၀၀၀၀/) (ကျပ်ငါးသိန်း) စုစုပေါင်းကျပ်သိန်း (၄၀၀၀၀၀၀/)(ကျပ်သိန်းလေးဆယ်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တာမွေမြို့နယ်တရားရုံး**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုခမ္မမဏိဇောတရေ ဦးမြင့်စိုးထွန်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေဂေဟာကုမ္ပဏီ)နှင့် ဒေါ်ချိုချိုသင်း(မန်နေဂျင်းဒါရိုက်တာ၊ ရွှေမဟာစိုးကုမ္ပဏီလီမိတက်) တို့၏သမီးလေး မချိုသဋ္ဌာစိုး [Grade-11 (A) အထက-၁၊ ဒဂုံ]သည် တက္ကသိုလ်ဝင်စာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးနှင့် အောင်မြင်ခဲ့ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးမောင်မောင်သန်း MD ကုစ္ဆာသယမောင်ကုမ္ပဏီ**
**ဒေါ်မြင့်မြင့်ဌေး မိသားစုဘောက်ထော်ရန်ကင်း**

---

## ဂုဏ်ယူဝမ်းမြောက်ခြင်း

(ဦးအောင်ဆွေဦး)-ဒေါ်ခင်ခင်ဝင်း (ထူးထူးအသေးစားငွေချေးလုပ်ငန်းနှင့် စိန်ရွှေရတနာဆိုင်)တို့၏သမီးငယ် မအိနေခြည်အောင်သည် အထက (၂) ဗဟန်းကျောင်းမှ ခုံအမှတ် (ဆဗဟ ၄၃၂)ဖြင့် တက္ကသိုလ်ဝင်တန်း (၂၀၁၅-၂၀၁၆)ပညာသင်နှစ်တွင် ဘာသာစုံဂုဏ်ထူး (သိပ္ပံဘာသာတွဲ) ရမှတ် (၅၅၈) မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး (ပဉ္စမအဆင့်)ရရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်အတွက် အားထားရသော သမီးကောင်းရတနာတစ်ပါးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါသည်။

**ဘိုးဘိုး-ဘွားဘွား** - **ဦးအေးဖေ-(ဒေါ်သန်းသန်းနု)**
**ဦးငယ်-အန်တီ** - **ဦးသောင်းရှင်-ဒုရဲမှူးငွေရှင်**
**(ရေကြောင်းရဲတပ်ဖွဲ့ခွဲ၊ ရန်ကုန်)**
**ညီမလေး** - **မသိမ့်ဇာခြည်ခိုင်(ခ)သိမ့်သိမ့်**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-၂၀၁၆ ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဦးစိုးမြင့် (B.E/ SCHLUMBERGER COMPANY) နှင့် ဒေါက်တာစုစုနိုင် တို့၏ သမီး မအိမြတ်မွန် (ဆလသ-၂၈၈၊ အထက-၂ လသာ) သည် (၆) ဘာသာဂုဏ်ထူး၊ ရမှတ်ပေါင်း (၅၅၃) မှတ်ဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက် မိပါသည်။

ဘိုးဘိုးဦးတင်လှိုင်+ဘွားဘွားဒေါ်ခင်မြ
ဦးဦး Capt. ဝင်းဇော် (Mercantile Marine Pty, Ltd., Australia) + ဒေါက်တာနေရီသွင်
ချစ်ညီမလေး Vivian Win နှင့် ဦးဦး၊ ဒေါ်ဒေါ်များ

---

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၂၈ နေ
ဦးမောင်မောင်သန်း-ဒေါ်ဝေဝေမြင့်တို့၏ တစ်ဦးတည်းသောသား

**မောင်ကောင်းမြတ်ကျော် (B-Tech(EP)WYTU)**
**Project Advisor-Technical Support Department)**
**(UMG Co., Ltd.)**

**နှင့်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)လမ်း၊ ၆၆လမ်း၊ ၃၈×၃၉ ကြား၊
အမှတ် ဒ-၈/၉၉ နေ ဦးအောင်ခိုင်-ဒေါ်ခင်မာယဉ်
တို့၏ တစ်ဦးတည်းသောသမီး

**မအေးမြတ်မိုး (BE-Civil MTU)**
**Assistant Engineer(Elite Tech Manufacturing Co., Ltd.)**

တို့သည် ၁၁-၆-၂၀၁၆ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကောင်းမြတ်ကျော်-မအေးမြတ်မိုး**

---

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အထက(ခွဲ) အလက (၂)မှ စိုင်းမျိုးမြင့်သူ အဋ္ဌမတန်း (ကျောင်းဝင်အမှတ် ၉၇၁၆)၏ ဖခင်အမည်မှန်မှာ ဦးငွေလင်း ၁၃/သပန(နိုင်)၀၃၅၆၄၃ ဖြစ်ပါကြောင်း။

### အမည်မှန်နှင့်ဖခင်အမည်မှန်

အထက(၁) မ/ဥက္ကလာ တက္ကသိုလ်ဝင်တန်း(H)မှ မောင်ပိုင်စိုးထက်၏ အမည်မှန်မှာ မောင်ဦးခင်လေး ၁၂/မဂဒ(နိုင်)၁၇၉၇၉၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်မောင်စော ၁၁/ရသတ(နိုင်)၀၄၀၉၈၆ ဖြစ်ပါသည်။ **ဦးမောင်မောင်စော**

### မိဘအမည်မှန်

ကျိုက်လတ်မြို့နယ်၊ ကလပ်ရပ်ကျေးရွာ၊ အမက(လွန်)ကျောင်း ပဉ္စမတန်းမှ မောင်ပြည့်ဖြိုးအောင်နှင့် ပထမတန်းမှ မရည်မွန်မွန်စိုးတို့၏ ဖခင် ဦးစိုးအောင်၏ အမည်မှန်မှာ ဦးဆန်းအောင် ၁၄/ဖပန(နိုင်)၁၀၄၁၈၆ ဖြစ်ပြီး မိခင် ဒေါ်ရီရီမြင့်၏ အမည်မှန်မှာ ဒေါ်နီနီမြင့် ၁၄/ကလန(နိုင်) ၁၃၂၇၅၉ဖြစ်ပါကြောင်း။ **ဦးဆန်းအောင်၊ ဒေါ်နီနီမြင့်**

Since 1996
ပုလဲ
(၅တန်းမှ ၁၀တန်း)
၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်၊ ပုဂ္ဂလိကကျောင်းအားလုံးတွင်
မင်္ဂလာဒုံတစ်မြို့နယ်လုံး ပထမ၊ မြောင်ပိုင်းတစ်ခရိုင်လုံး ဒုတိယ
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
(၁၀)တန်း Repeater လက်ခံပြီ
မိမိတို့ ဆရာဝန်ဖြစ်ရန်လေ့ကျင့်ခဲ့သည့်အတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ်၊ အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ၊ ကွန်ပျူတာ၊ အင်္ဂလိပ် (4Skills)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ၊
အမှတ် (၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁၊ ၀၉ ၇၁၂၉၉၇၂၆။




CROWN EDUCATION
Award Winning Company
မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်
"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ . . .
- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ဗိုလီတင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ

FREE SEMINAR
အတွက် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါပြီ



23th June
10:00 am - 12:00 noon
NOVOTEL HOTEL
(Eureka Room)
ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း (Educational Consultant)
British Council Education UK Agents Certificate Distinction
Call Us : 01 527 838, 09 730 40 688, 09 732 732 77
ACT

ရွှေဘုံသာအလယ်လမ်းက
ယူနိုက်တက်ဗွီးရှင်း
မျက်စိအထူးကုဆေးရုံကြီးနှင့် နိုင်ငံတကာအဆင့်မီ မျက်မှန်၊ မျက်ကပ်မှန်အရောင်းဒိုင်ခန်းမ

United Vision ၏ ဖောက်သည်များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ၁-၆-၂၀၁၆ မှ ၃၁-၇-၂၀၁၆ အတွင်း ဝယ်ယူအားပေးသည့် Customer များအား ဝယ်ယူသည့်တန်ဖိုးအလိုက် . . .
ထီး၊ ဘောပင်၊ Power Bank၊ လက်ဆွဲအိတ် စသည့်လက်ဆောင်ပစ္စည်းများကို နံ့စပ်ရာဆိုင်ခွဲများတွင် ဘောက်ချာနှင့်တကွ ထုတ်ယူနိုင်ပါသည်။



ကံစမ်းစရာမလိုဘဲ မိန့်က်စဉ်ကလိုဘဲ လက်ဆောင်ပစ္စည်းများ ရယူလိုက်ပါ



INTERNATIONAL BRANDED အစစ်များကိုသာ အာမခံဖြင့် ရောင်းချပေးနေပါသည်။
အထူးချွန်ဆုံး မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို အသုံးပြုပြီး မျက်မှန်များကို နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ...။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှည (၅း၀၀) နာရီထိ မျက်စိဆရာဝန်ကြီးများကိုယ်တိုင် အခမဲ့ စမ်းသပ်ခွဲစိတ်ပေးပါသည်။
(မှတ်ချက်။ ။ဤခွဲစိတ်ကုသမှုသည် ရန်ကုန်ဆိုင်ခွဲများတွင်သာ (ကြိုတင်စာရင်းပေးရန်)

ရန်ကုန်ဆိုင်ခွဲ
- အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁–၃၈၄၈၃၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁– ၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ် (၆)လမ်းထိပ်၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁ – ၅၃၂၁၁၇၊ ၂၁၀၄၂၉၄
- အမှတ်(၁၈/ဃ)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့ဗဝန။ ဖုန်း – ၀၁–၈၅၆၅၉၂၂

မန္တလေးဆိုင်ခွဲ
- ၇၈လမ်း (၂၇လမ်းနှင့် ၂၈လမ်းကြား)၊ အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေး။ ဖုန်း – ၀၂–၆၈၇၈၆၊ ၃၄၄၄၂
- Diamond Plaza၊ စက်လှေကားအနီး (မြေညီထပ်) ၇၈လမ်း၊ ၃၃ လမ်းနှင့် ၃၄လမ်းကြား။ ဖုန်း – ၀၉၉၁၀ ၂၇၀၁၄
- ၈၄လမ်း (၂၉လမ်း နှင့် ၃၀လမ်းကြား)၊ အမှတ် (53/54B)၊ မန္တလေးမြို့။ ဖုန်း – ၀၂ – ၃၁၇၈၁

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ညို (ကျောက်တန်း)
### အသက်(၉၀)

မေခဆောင်ဖောင်ဒေးရှင်း၏ နာယက၊ ဦးသင်းမောင်၏ မိခင် ဒေါ်တင်ညိုသည် ၁၆-၆-၂၀၁၆ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်**
**ဇနီး ဒေါ်ခင်မြမြအောင်**

## ဦးအုံ့မောင်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### သာသနာရေးဦးစီးဌာန
### အသက်(၈၄)နှစ်

(ဦးဘိုးဆိုင်-ဒေါ်ဦး)တို့၏သား၊ (ဦးထွန်း-ဒေါ်ချို)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၃၈နေ သီရိသုမင်္ဂလီ ဒေါ်တင်တင်ဝေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိုက်သူ-ဒေါ်မေသက်ထွန်း၊ ဗိုလ်မှူးကြီးအောင်မျိုး-ဒေါ်စုစုတင်၊ ဗိုလ်ကြီးအေးမင်းထွန်း (ငြိမ်း)-ဒေါ်ခင်ဆွေတင့်၊ ဦးရဲထွဋ်-ဒေါ်အေးစန္ဒာခိုင်တို့၏ကျေးဇူးရှင်ဖခင်၊ မမြကေခိုင်(B.E Civil၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ ဗိုလ်လောင်း ဝေယံလင်းအောင်(ဒုတိယနှစ်၊တပ်မတော်နည်းပညာတက္ကသိုလ်)၊ မဝေဒီပါထိုက် (ပထမနှစ်၊ ဂျာမန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မသီရိထွန်း passed Grade 11-A.(T.T.C)၊မောင်ကောင်းပြည့်စုံအောင်(Grade-10, E အထက-၂၊ ဗဟန်း)၊ မောင်ရဲရင့်ရန်အောင်(Grade- 8, A အထက-၂၊ ဗဟန်း)၊ မောင်ပြည့်စုံထိုက်သူ Grade-8, B (T.T.C)တို့၏အဘိုးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးနိုင်ဝင်း
### အသက်(၇၉)နှစ်

ဆရာဦးနိုင်ဝင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မြင့်သိန်းနှင့်ဇနီး**
**ညွှန်ကြားရေးမှူး**
**ရေကြောင်းလုပ်ငန်းဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဦးသက်ဝင်းနိုင်(ခ)ကိုနိုင်နိုင် (ကျိုက်မရောမြို့)
### အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၈၆နေ (ဦးရွှေမင်း)-ဒေါ်ဝင်းကြည်တို့၏သား၊ ဦးညွန့်ရွှေ-ဒေါ်မြင့်မြင့်ခိုင်တို့၏မောင်၊ (ကိုမင်းမြတ်စိုး)၊ ဦးဝင်းကျော်ကျော်-မသက်လွင်တို့၏အစ်ကိုကြီး၊ မသင်းမြတ်မြတ်စိုး(ပြည့်ပြည့်)(AGD Bank)၊ မောင်ထွန်းလင်းစိုး(ထူးထူး)တို့၏ဖခင်၊ ဒေါ်တင်ယုယုကျော်၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ ငါးယောက်တို့၏ဦးကြီးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှိုင်လှိုင်မင်း(ခ)မစန္ဒာ
### ဒု-လဝကမှူး(ငြိမ်း)
### အသက်(၄၉)နှစ်

ဦးမြင့်စိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နတလ)၏ဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်မင်း(ခ)မစန္ဒာ(ဒု-လဝကမှူး၊ ငြိမ်း)သည် ၆-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲဝင်းထိုက်-ဒေါ်ခင်ဆွေဦး**
**မြင့်မြတ်မိခင်ကုမ္ပဏီ**

## ဦးရည်မွန်(ခ)ကိုလတ် အသက်(၄၆)နှစ်
### B.Eco (Stats), Business Law
### (၁၉၉၄-၁၉၉၅ခုနှစ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ ကျောင်းရှေ့ရပ်ကွက်၊ အမှတ်၉၀၊ လေးလွှာ/ကနေ (ဦးတင်ဝင်းသင်)-ဒေါ်တင်တင်ဝင်းတို့၏ချစ်လှစွာသောသား၊ ဦးမင်းတင်မွန်-ဒေါ်ဝင်းမြတ်မော်တို့၏ညီ၊ ဦးအောင်ခိုင်၊ ဦးအောင်ထက်ထွန်း - ဒေါ်ချောစုခင်(ခေတ္တ-စင်ကာပူ)၊ ဦးတေဇာအောင်တို့၏အစ်ကို၊ မကျော့ကေခိုင်၊ မောင်ဖုန်းမင်းခန့်၊ မောင်ရှိန်းဝဏ္ဏလင်းတို့၏လေးလေးသည် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးအေးမင်းထွန်း အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု ၄လမ်း၊ အမှတ် ၂၄၈နေ ဦးကြည်-ဒေါ်ခင်ဖော့တို့၏သား၊ ဦးမန်းသန်းအောင်-ဒေါ်ခင်စန်းရင်(ခ)အမိုးကြီးတို့၏သားသမက်၊ ဒေါ်နန်းနီနီဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဥက္ကာထူး(ခ)ဖိုးလုံးကို၊ မောင်မျိုးမင်းသူ(ခ)လုံးလုံး၊မောင်ချစ်ပိုင်(ခ)ကွိကွိတို့၏ဖခင်သည် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်းသောင်း (စမ်းချောင်း)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၂၈နေ (ဦးဘိုးသောင်-ဒေါ်ဆင့်)တို့၏သမီး၊ (ဦးအောင်ဖြိုး)၏ဇနီး၊ ဒေါ်မြမြအေး(တရားလွှတ်တော်ရှေ့နေ)၏အဒေါ်၊ ဦးမောင်သောင်း-ဒေါ်ခင်အေးမိ (ILBC)၊ ဦးကိုကိုဦး-ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ခင်သန်းမြင့်၊ ဦးမြတ်သူ-ဒေါ်ချိုကျော်ရှိန်၊ ဒေါ်ဝင်းဝင်းစိန်၊ ဗိုလ်မှူးတင်မျိုးဆိုင်(ငြိမ်း)တို့၏မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ကြီး
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ ၅လမ်း၊ အမှတ် ၁၀၉၈နေ(ဦးခင်စိုး-ဒေါ်ဖော့)တို့၏သမီး၊ (ဦးပွား-ဒေါ်ခန့်)တို့၏ချွေးမ၊ (ဦးတင်ထွန်း)၏ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်သန်း)-ဒေါ်အုန်းမြ၊ ဦးခင်မောင်အောင်(ဦးစီးအရာရှိ၊ လဝက၊ မြောက်ဦး)-ဒေါ်ချိုချိုမြင့်၊ ဒေါ်မိမိခင်(ခေတ္တ-အစ္စရေး)၊ ဦးထင်ကျော်-ဒေါ်မိမိသွင်၊ ဦးခင်မောင်ညွန့်-ဒေါ်လှလှခိုင်၊ ဦးခင်မောင်စိုးတို့၏မိခင်၊ (ဦးစောလှိုင်)-ဒေါ်သန်းမေ၊ (ဦးရီအေး-ဒေါ်စောမြိုင်)၊ (ဦးဘကြည်)-ဒေါ်လှကြည်တို့၏ညီမ၊ (ဦးခင်မောင်ရင်-ဒေါ်ခင်မေညွန့်)တို့၏အစ်မ၊ မတင်နီလာအောင်၊ ဦးစိုးမိုးထက်၊ ဦးနိုင်လွင်ဇော်၊ ဦးပြည့်ဖြိုးအောင်၊ ဦးစိုးလွင်မိုး၊ ဦးချမ်းမြေ့ကိုကို၊ မလင်းလင်းထက်၊ မောင်ဘုန်းသီဟထူး၊ မအေးမြတ်ထက်၊ မနန်းသဥ္ဇာလီတို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ရီ(ကြံခင်း) သန်လျင်မြို့
### အသက်(၈၈)နှစ်

ကြံခင်းမြို့နေ (ဦးချစ်ထွန်း-ဒေါ်မယ်သင်)တို့၏သမီး၊ သန်လျင်မြို့၊ ရွှေဝါလမ်း၊ အမှုထမ်းရပ်ကွက်၊ အမှတ် ၁၈နေ (ဗိုလ်ကြီးဗိုလ်အေး)(ငြိမ်း)၏ဇနီး၊ ဒေါ်ညွန့်ညွန့်အေး၊ (ဦးထွန်းဇော်အေး)၊ ဒေါ်ဆွေဆွေအေး၊ ဦးဇော်မင်းအေး-ဒေါ်ဝင်းဝင်းကြွယ်၊ ဦးအောင်ဇော်အေး-ဒေါ်စန်းစန်းတင့်၊ ဦးဇော်နိုင်အေး-ဒေါ်နှင်းမာလွင်တို့၏မိခင်၊ မအိဇာဖြူ၊ မောင်ထက်ဇော်ဝင့်၊ မနွေးလှဲ့တွယ်တာ၊ မမြတ်ဖူးငုံ၊ မောင်ကျော်စည်သူ၊ မောင်နေခန့်နိုင်တို့၏အဘွားသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မူမူငွေ
### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘကြိုင်-ဒေါ်သန်းချစ်)တို့၏သမီး၊ (ဦးကြင်မြ-ဒေါ်ကျင်ရန်)တို့၏သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်၊ ၁၅/၈၊နွယ်သာဂီလမ်းနေ ဦးတင့်အောင် (မွေးရှင်း၊ ချိုချို၊ ရှသာချို)၏ချစ်လှစွာသောဇနီး၊ ဦးကျော်မြင့်- ဒေါ်မိမိလှိုင်တို့၏ညီမ၊ ဦးတင်မောင်မြင့်၊ ဦးကိုကိုအေး-ဒေါ်ရီရီကြိုင်၊ ဒေါ်သီသီကြိုင်၊ ဦးမင်းသိန်းစံ-ဒေါ်မေသန်းကြိုင်၊ ဦးညွန့်လွင် - ဒေါ်အေးအေးကြိုင်၊ ဦးအောင်အောင်ဝင်းတို့၏အစ်မ၊ မကေဇင်သွယ်၏အဒေါ်၊မောင်အေးချမ်းအောင်(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-မခင်ရူပါမောင်၊မစုမွန်အောင်တို့၏မိခင်၊ မောင်ဉာဏ်လင်းထက်၊မချိုးဇကရီထက်တို့၏အဘွားသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၀၀း၃၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးလှိုင်မင်း
### (တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ)
### ကြည်း-၃၇၄၄၈
### အသက်(၃၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်နေ (ဦးစိန်ရ)-ဒေါ်တင်ကြည်၊ ဦးဟုတ်စန်း-ဒေါ်တင်သန်းတို့၏မြေး၊ ဦးနေဝင်းကျော်-ဒေါ်ခင်မာစန်းတို့၏သား၊ ရန်ကုန်မြို့၊ ကျောက်မြောင်းမြို့သစ် ၂လမ်းနေ ဦးမြင့်လွင်-ဒေါ်မြင့်သန်းတို့၏သားသမက်၊ ဒေါ်အိဖြိုးဖြိုးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်နန်းရတီလှိုင်၏ဖခင်သည် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍၁၇-၆-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ ဘာသာပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံဝင်း ဒေါ်အိဖြိုးဖြိုးလွင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်ချို (ငြိမ်း)
## (ခ) ဦးသန်းထွန်း
### (ရေ-၁၁၄၈)
### စစ်တက္ကသိုလ်အမှတ်စဉ်(၈)
### အသက်(၇၃)နှစ်

ပြည်မြို့နေ(ဦးဘိုးဆင့်-ဒေါ်သိန်းမြ)တို့၏သား၊ ရန်ကုန်မြို့နေ (နတ်မောက်ဘုန်းကျော် - ဒေါ်အေးရီ)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ဘုဏ်းရည်(နတ်မောက်အနီချို)၏ခင်ပွန်း၊ ဦးကျော်ပြည့်အောင်-ဒေါ်ဦးဦးကြည်၊ ဦးကျော်နိုင်အောင်၊ မလင်းလဲ့ဖြူအောင်ချို - ဦးကျော်ရွှေအောင်တို့၏ဖခင်၊ မယုဝသန်အောင်၊ မောင်သုဝေသျှံ၊ မောင်ဟိန်းဒီပါအောင်တို့၏ဘိုးဘိုးကြီးသည် ၁၆-၆-၂၀၁၆ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥ ၁လမ်း၊ အမှတ် ၉၇၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးလှိုင် အသက်(၅၂)နှစ်
### ယခင်တိုင်းဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့(၁၂)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၅လမ်း၊ အမှတ် ၆၀၉၊ ဒုတိယထပ်နေ ဦးစိုးကြွယ်၏တူ/သား၊ဦးစံအေး-(ဒေါ်ခင်လှိုင်)တို့၏သား၊ (ဦးစိန်ဝင်း-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဦးစိုးလှိုင်၊ (ဒေါ်ငွေငွေသော်)၊ ဒေါ်အေးသီတာ-ဦးအောင်အောင်၊ ဒေါ်အေးစန္ဒာ-ဦးသိန်းဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်ချိုချိုဝင်း (အဆောက်အအုံ အထူးအဖွဲ့-၁)၏ချစ်လှစွာသောခင်ပွန်း၊ မအေးဇွန်သိမ့်၊ မဆုမွန်အေး၊ မောင်အောင်သန်းတို့၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၄း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ရီရီ
### M.B.,B.S (Ygn)
### အသက်(၉၁)နှစ်

(ဦးဘထွန်း-ဒေါ်လှမော်) (ကြို့ပင်ကောက်)တို့၏သမီး၊ (ဒေါက်တာဦးမြတ်ခိုင်)၏ဇနီး၊ ကပ္ပတိန် ဦးအေးဝင်း-ဒေါ်ခင်ဝင်းကြည်၊ ကပ္ပတိန် ဦးသန်းစိုး-ဒေါ်သီတာအေးတို့၏ မိခင်၊ ဒေါက်တာခိုင်ဝင်းထွန်း၊ကြည်ဝင်းထွန်း၊ စိုးဝင့်ကေခိုင်၊ ဇင်သီစိုးဝင့်တို့၏အဘွားသည် ၁၅-၆-၂၀၁၆ရက် ည ၇း၃၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ရီရီ
### M.B.,B.S (Ygn)
### အသက်(၉၁)နှစ်

(ဦးဘထွန်း-ဒေါ်လှမော်) (ကြို့ပင်ကောက်)တို့၏သမီး၊ (ဒေါက်တာဦးမြတ်ခိုင်)၏ဇနီး၊(ဦးဟန်တင်)၊ (ဒေါ်ကြည်ကြည်)တို့၏ညီမ၊ (ဒုဗိုလ်မှူးကြီးဟန်ရင်)-ဒေါ်ခင်မြိုင်၊ (ဦးဇင်မောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်မသည် ၁၅-၆-၂၀၁၆ရက် ည ၇း၃၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ (ကံဘဲ့)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ ရွှေရတနာလမ်း၊ အမှတ် ၅၈နေ(ဦးကျင်ဝှက်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးကျင်ဝှက်)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ (ဦးခင်မောင်ဦး)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်ကျင်အေး၊ ဦးစိုးမြင့်-ဒေါ်တင်တင်အေး၊ဒေါ်အေးအေးမြင့်၊ ဦးတင်ဝင်း-ဒေါ်ဝါဝါဆွေ၊ ဦးရဲမြင့်-နန်းဝိုးဟွမ်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၇-၆-၂၀၁၆ရက်မွန်းလွဲ ၁၂း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးတင်မြင့် (ညွှန်မှူး၊ ငြိမ်း)
### အသင်းဝင်အမှတ်(၁၂၈)
### သက်ကြီးကန်တော့ခံ
### အသက်(၈၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ရတနာပုံလမ်း၊ အမှတ် ၂၀၉နေ ဒေါ်စန္ဒာမော်၏ခင်ပွန်းသည် ၁၇-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ပုသိမ်ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မိုးဖြူ(ခ)ဒေါ်ဖြူ
### (စစ်တွေ)(ကျောက်မြောင်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့် (စံပြ)ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၉၀၊ ပထမထပ်-B နေ (ဦးဦးစိန်)၏ဇနီး၊ ဒေါ်မော်လီစိန်(အထက-၄၊ ဗိုလ်တထောင်)၊ဦးလှထွန်း-ဒေါ်မြင့်မြင့်အေး၊ (ဦးဇော်ဝင်းမြင့်)-ဒေါ်သန်းသန်းအေး၊ (ဦးထွန်းထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန - ဒေါ်လှလှဝင်း၊ မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစား၊ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးအောင်စိုးလွင် - ဒေါ်လှဝင်းစိန် (ခေတ္တ-U.S.A)၊ ဦးကျော်ဝင်း-ဒေါ်ခင်ခင်ဝေတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘောင်ရှင်သည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဝင်း (ရေကြည်)
### အသက်(၉၁)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း - ဒေါ်ကြည်ကြည်ထွန်းတို့၏ဖခင် ဦးသိန်းဝင်း(ရေကြည်)သည် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းသိန်း-ဒေါ်ငွေငွေမြင့်**

## ဦးတင်မြင့်
### (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်နှင်းမေ)တို့၏သား၊ (ဒေါ်စန္ဒာမော်)၏ခင်ပွန်း၊ ဦးမြင့်သူ(Total EP.Americas)-ဒေါ်မီမီအောင်၊ ဦးဝေလွင်-ဒေါ်မိုးမိုးနွယ်(U.S.A)၊ ဒေါ်နီလာတင်(ဒွေ့လမ်းညွန်)၊ ဒေါ်ခင်သန္တာတင်(လက်ထောက်ကထိက၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးဇေယျမင်းတင်-ဒေါ်အေးမာထွေးတို့၏ချစ်လှစွာသောဖခင်ကြီး၊ မရွှန်းလက်မြင့်သူ၊ မချမ်းမြေ့မြင့်သူ၊ မသီရိမိုးဝေလွင်၊ မလင်းလက်မိုးဦးတို့၏ဘိုးဘိုးကြီးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၂၀၉၊ ရတနာပုံလမ်း၊ စည်သာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်ကို (သထုံ/မိုးကုတ်)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၁/အီးနေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ (ဦးစံတင်)-ဒေါ်ခင်မိမိချို၊ (ဦးဝမ်းကို-မတူး)၊ ဦးကျော်ငွေ-ဒေါ်လှကေသီ၊ ဦးတူးကို-ဒေါ်ဥမ္မာခိုင်၊ ဦးသီရိကို-ဒေါ်သိန်းသိန်းထူးတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းကြည်
### ဒိုင်မှူး(ငြိမ်း)၊ ကုန်သွယ်/လယ်ယာ၊ မော်လမြိုင်ကျွန်းမြို့နယ်)
### အသက်(၇၅)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၁၀နေ (ဦးဘကွန့်-ဒေါ်အုန်းစိန်)တို့၏သား၊ ဒေါ်မြမြ၏ခင်ပွန်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့မရဲစခန်းနေ ရဲအုပ်ကျော်ဇင်လင်း - ဒေါ်မေသန္တာလင်း (အထက-၁၊ မော်ကျွန်း)၊ ဦးကျော်စိုး(ဟိုတယ်/ခရီး၊ ဒုညွှန်ကြားရေးမှူး)-ဒေါ်စန္ဒာဝင်း(အနောက်ပိုင်းတက္ကသိုလ်)၊ ဦးမျိုးအောင်ဝင်း၊ ဦးအောင်ကျော်မိုး (မြို့နယ်လယ်/စီးအင်းဌာန၊ တာချီလိတ်)-ဒေါ်ပန်းပပပိုင်၊ ဦးရဲမွန်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင်)၊ (ကော့သောင်းမြို့နယ်ဥက္ကဋ္ဌ)-ဒေါ်မြသီတာဝင်း၊ မောင်ရဲထက်အောင်-မအိမ့်သူစံတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၁၀း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း(ဆိပ်ကြီးခနောင်တို) အသက်(၇၃)နှစ်
### မြို့နယ်ပညာရေးမှူး(ငြိမ်း)
### အထက၊ ခနောင်တို၊ မြို့လုလင်၊ အထက(၃)လှိုင်သာယာ၊ အလကဝါးတရာ၊ အထကပေါင်းတလည်၊ (သာယာဝတီ၊ ခရမ်း၊ တွံတေး)မြို့နယ်ပညာရေးမှူး

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ထီးတန်း ၂လမ်း၊ အမှတ် ၈၊ မြေညီ(A)နေ (ဦးကြီးငွေ-ဒေါ်မြအေး)တို့၏သား၊ (ဦးခင်မောင်-ဒေါ်စိန်လှိုင်)တို့၏သားသမက်၊ ဒေါ်ခင်ရီကျောင်းအုပ်(ငြိမ်း)၊အမက(၃)ခနောင်တို၏ခင်ပွန်း၊ ဦးမြဝင်း-ဒေါ်နုနုအေး၊ ဦးဖရန်စစ်-ဒေါ်နွဲ့နွဲ့ရီ၊ ဦးလွင်မြင့်-ဒေါ်နွဲ့နွဲ့အုံးတို့၏အစ်ကို၊ ဦးကျော်ခိုင်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကုန်းကြမ်းမြို့) - ဒေါ်အေးဥမ္မာဝင်းတို့၏ဖခင်၊ မသက်ဟေသီခိုင်(Grade -10, A) အထက(၂)စမ်းချောင်း၏အဘိုးသည် ၁၆-၆-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၈နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အုံ
### (ဆ·ည·န၊ ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ တိုက် ၁၀/၇နေ (ဦးသန်းမြင့်-ဒေါ်ခင်ခင်စီ)တို့၏သမီး၊ (ဦးလှညိန်-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ ဒေါ်ခင်ခင်ဝေ(သတ္တု-၃၊ ငြိမ်း)၊ (ဒေါ်ညိုညိုသန်း)၊ ဦးဝင်းမြင့်-ဒေါ်ထားထားရီ (စက်မှု-၁၊ ငြိမ်း)တို့၏အစ်မ၊ ဦးညွန့်ဝေ-ဒေါ်ကြူလေးတို့၏ညီမ၊ (ဦးမြင့်ဝေ) - ဒေါ်စန်းစန်းအေး၊ ဦးခင်ဝေ-ဒေါ်ခင်သန်းဦး၊ ဦးတင်ဝင်း (ပြန်/ဆက်)-ဒေါ်သန်းသန်းနု၊ (ဦးဝင်းကျော်)-ဒေါ်အေးအေးနု၊ ဦးမြင့်ရှင်-ဒေါ်ကြူတို့၏အစ်မ၊ မောင်ဝေဖြိုး (UNITEAM)၏မိခင်၊ဦးလှဝေ(ဆည၊ ငြိမ်း)၏ဇနီးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်အောင်ရွှေသိန်း(ခ)
## မောင်ထွေး (ပုဏ္ဏားကျွန်း)
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊အမှတ် ၄၇၊ ပထမထပ်(ဝဲ)နေ (ဦးရွှေသာဇံ)-ဒေါ်စံကြွဖြူတို့၏သား၊ ဒေါ်ဦးခင်နွဲ့၊ ဦးခင်မောင်ရွှေ-ဒေါ်မြသူဇာအောင်၊ ဒေါ်လှသန္တာ-(ဦးစံထွန်း)၊ ဦးအောင်သိန်းဇံတို့၏ညီ/မောင်၊ တူ/တူမ နှစ်ယောက်တို့၏ဦးလေးသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မြို့နယ်အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ပေးကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ပြင်သစ်ကကူညီမည်

**နေပြည်တော် ဇွန် ၁၇**

မဂ္ဂါဝပ် ၆၉၀ ခန့် ထုတ်လုပ်နိုင်မည့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ပြင်သစ်နိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

မဂ္ဂါဝပ် ၆၉၀ ခန့် ထုတ်လုပ်နိုင်မည့် ရခိုင်ပြည်နယ် လေးမြို့ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအပေါ်

စာမျက်နှာ ၇ ကော်လံ ၃ ❖



ရွှေလီ (၃)ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ် (ဓာတ်ပုံ-လျှပ်စစ်)

# လေယာဉ်အကြီးစားပြင်ဆင်မှု မြန်မာလေကြောင်းလိုင်း အောင်မြင်စွာလုပ်ဆောင်နိုင်ပြီ

**သတင်း-မြင့်မောင်စိုး၊ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်း အနေဖြင့် ရက် ၁၀၀ စီမံချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယခင်က ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ဆောင်ရသည့် လေယာဉ်အကြီးစား စစ်ဆေးပြင်ဆင်ခြင်းလုပ်ငန်းကို မိမိနိုင်ငံမှာပင် လေယာဉ်အမှုထမ်း အင်ဂျင်နီယာများက မြန်မာလေကြောင်းလိုင်းသမိုင်းတွင် ပထမဆုံးအကြိမ် အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ပြောသည်။

"အရင်ကတော့ ဒီလိုလေယာဉ်အကြီးစား ပြင်ဆင်မှုလုပ်ငန်းကို မြန်မာနိုင်ငံမှာ လုပ်ဆောင်နိုင်တာ မရှိခဲ့ပါဘူး။ အခုအခါမှာတော့ ရက် ၁၀၀ စီမံကိန်းမှာ ပါဝင်တဲ့ ဒီလေယာဉ်အကြီးစားပြင်ဆင်မှုကို မြန်မာအင်ဂျင်နီယာတွေက ရက်ပေါင်း ၆၀ နဲ့ အောင်မြင်စွာလုပ်ဆောင်နိုင်ပြီဖြစ်ပါတယ်" ဟု ကပ္ပတိန်ဦးသန်းထွန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့ညနေပိုင်းက ပြုလုပ်သော လေယာဉ်အကြီးစား ပြင်ဆင်မှုပြီးစီးခြင်းအခမ်းအနားတွင် မီဒီယာများကိုပြောသည်။ တာဝန်ခံအင်ဂျင်နီယာသုံးဦးနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ■




လေယာဉ်အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှအင်ဂျင်နီယာများကို တွေ့ရစဉ်

## အရှေ့အလယ်ပိုင်း၌ ဖုန်နှင့်သဲမုန်တိုင်း ပြင်းထန်စွာတိုက်ခတ် ဒေသခံများ၏ ကျန်းမာရေးထိခိုက်နိုင်

စာမျက်နှာ - ၁၀

## အော်လန်ဒိုအကြမ်းဖက်ပစ်ခတ်မှု သို့မဟုတ် အမေရိကန်လက်နက်ထိန်းချုပ်ရေးဘာလဲဘယ်လဲ

စာမျက်နှာ - ၁၁

## တောင်ဘွေတံတား နိမ့်ကျသွား၍ ခရီးသွားပြည်သူများ သွားလာရေးခက်ခဲ

စာမျက်နှာ - ၁၂

# MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄)တွင် ရန်ကုန်-ရှမ်းယူနိုက်တက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသင်းကြီးနှစ်သင်းဖြစ်သည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၁၄)အဖြစ် ဇွန် ၁၈ ရက်(ယနေ့)တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် Southern အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ ဇွန် ၁၉ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် Horizon အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၃)အပြီးတွင် ရတနာပုံအသင်းက ၃၅ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၂၂ မှတ်၊ ဟံသာဝတီနှင့်ဧရာဝတီအသင်းတို့က ၂၁ မှတ်စီ၊ ဇေယျာရွှေမြေနှင့် မကွေးအသင်းတို့က ၁၉ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ၄မှတ်တို့ရရှိထားသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

